မြဝတီ The Mirror

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ စနေနေ့၊ (23-2-2008) (၅၆၀၂)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဘုရင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   ဖေဖော်ဝါရီ   ၂၃

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၏ (၂၄)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ်ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒူလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   ဖေဖော်ဝါရီ   ၂၃

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၏ (၂၄)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒူလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့သည် ယနေ့ ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ Hotel Nikko Royal Lake၌ကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တပ်မတော်နေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel, Alexander V.SVINITSOV-SKIY နှင့် ဇနီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

တက်ရောက်

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တပ်မတော်နေ့အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ၎င်းတို့၏ဇနီးများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တပ်မတော်နေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး **Colonel, Alexander V. SVINITSOV-SKIY**နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ယနေ့ မိုးလေဝသ

(၂၃-၂-၂၀၀၈)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၃-၂-၂၀၀၈
(စနေနေ့)

ရပ်ရွာအေးချမ်းသာယာရေး အလေးထားထိန်းသိမ်း ဒေသဖွံ့ဖြိုးရေး တက်ညီလက်ညီဆောင်ရွက်

ယနေ့အချိန်အခါတွင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှုစွမ်းအားဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နယ်စပ်ဒေသအစွန်အဖျား တစ်နံတစ်လျားမကျန် နိုင်ငံတစ်ဝန်း၌ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးနေသည်။

တစ်ချိန်တည်းတွင် စိုက်ပျိုးရေး၊ စက်မှုလက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်၊ ခေတ်မီဆက်သွယ်ရေး နည်းပညာစသည့် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်နေသည်။ တောတောင်ပင်လယ် မြစ်ချောင်းများ အတားအဆီးကြောင့် အနေနီးသော်လည်း ခရီးဝေးခဲ့ရသည့် ဒေသတို့သည်ပင် နိုင်ငံတော်၏ တည်ဆောက်ဖြည့်ဆည်းပေးမှုဖြင့် ယခုအခါ ကူးသန်းဆက်သွယ်သွားလာမှု လွယ်ကူနေပြီဖြစ်သည်။

ရခိုင်ပြည်နယ်ကဲ့သို့ ရေကြောင်းနှင့်လေကြောင်း လမ်းတို့ကိုသာ အဓိကအားထား ဆက်သွယ်သွားလာခဲ့ရသည့်ဒေသတွင် ရန်ကုန်-စစ်တွေ၊ ရန်ကုန်-ကျောက်ဖြူ၊ ငါးသိုင်းချောင်း-ဂွကားလမ်းမကြီးများနှင့် တံတားကြီး၊ တံတားငယ်အသွယ်သွယ်ကို ဖောက်လုပ်တည်ဆောက်ပေးထားရာ အခြားသော ပြည်နယ်နှင့်တိုင်းများသို့ အလွယ်တကူခရီးပေါက်သွားလာနိုင်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှုနှင့်အတူ ကူးသန်းရောင်းဝယ် ကုန်စည်ဖလှယ်မှုလုပ်ငန်းများ သွက်လက်မြန်ဆန် တိုးတက်နေကြောင်းတွေ့ရသည်။

ယင်းသို့ ဒေသဖွံ့ဖြိုးလာမှုနှင့်အတူ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာခြင်းသည် မြို့ရွာဒေသ တည်ငြိမ်အေးချမ်းသာယာမှုကြောင့်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအပိုင်းကလည်း ရရှိဖြစ်ထွန်းနေသည့် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး အခြေအနေကောင်းများကို အလေးထား ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် အရှိန်အဟုန်မြှင့် ကြိုးပမ်းတည်ဆောက်နေသည်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ စတုတ္ထအဆင့်ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ပြည်သူများ၏ဆန္ဒဖြင့် အတည်ပြုနိုင်ရေး ကြိုးပမ်းဖော်ဆောင်နေချိန်ဖြစ်သည်။

ယင်းသို့သော အခြေအနေ အချိန်အခါတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ငြိမ်းချမ်းသာယာမှု၊ ပေါင်းစည်းညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်စည်ပင်မှု အခြေခံကောင်းများနှင့်အတူ ဒီမိုကရေစီ နိုင်ငံတော်ဖြစ်ပေါ်လာရေး အမျိုးသားရေး တာဝန်များကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်း ဝိပဿနာတိုက်သစ်အတွင်းရှိ ဆွမ်းချက်ဆောင်အတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းနေ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးချာလီမောင်-ဒေါ်သန်းဌေးဦး၊ သားကြီး မောင်ဇင်လင်းထိုက်၊ သမီးကြီး အေးမြတ်နန္ဒာဦး၊ သမီးငယ် ခိုင်မြတ်ယမုံသူ မိသားစုတို့ မတည်အလှူ ငွေကျပ် ၁၀ သိန်းကို နာယကဆရာတော် ကမ္မဋ္ဌာနာစရိယ မိုးညှင်း အရှင်ဣန္ဒက (ရွှေဘို)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချမင်္ဂလာ အခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ တည်ထားကိုးကွယ်သည့် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ သတ္တမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်၏ ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူပူဇော်ပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် အဆိုပါ ရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိစံကျောင်းတော်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းနှင့် အဖွဲ့ဝင်များသည် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆွမ်းခဲဖွယ် ဘောဇဉ်များဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရေစက်ချမင်္ဂလာအခမ်းအနားကိုကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မကွေးဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ တိုင်းမှူးနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြပြီး တိုင်းမှူးနှင့် ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးများထံ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တဩဘာသာဘိဝံသထံမှ တိုင်းမှူးနှင့် ပရိသတ်တို့ကသာဓုအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ရေစက်ချမင်္ဂလာအခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်၄၅ပါးတို့အား တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဆွမ်းသပိတ်များ ဆက်ကပ်လှူဒါန်းကြပြီး ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့် ရေဝတီမြစ်ကျော် တာဝါတိုင် ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ရန်ကုန် ဖေဖော်ဝါရီ ၂၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ဖေဖော်ဝါရီ ၂၀ ရက်တွင် တာဝန်ရှိသူများနှင့်အတူ ရေဝတီတိုင်း ပန်းတနော်မြို့နယ် ကဇင်းတော ကျေးရွာအနီးရှိ ရေဝတီမြစ်ကျော် (230 KV) မဟာဓာတ်အားလိုင်း တာဝါတိုင် အမှတ်(၁၄၇) အနီး ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် တာဝါတိုင်ရေရှည်တည်တံ့ ခိုင်ခံ့စေရေးအတွက် ထိန်းသိမ်းတည်ဆောက်မည့် အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်အပေါ် ဒုတိယဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းကို ပွင့်လင်းရာသီအတွင်း အချိန်မီ ပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဝင်းမြင့် ပန်းတနော်မြို့နယ် ကဇင်းတောကျေးရွာအနီးရှိ ရေဝတီမြစ်ကျော် မဟာဓာတ်အားလိုင်းတာဝါတိုင်ကိုကြည့်ရှုစစ်ဆေးစဉ်။ (အမှတ်-၂၊ လျှပ်စစ်)

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ လေ့လာရေးခရီး သွားရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ အလုပ်အမှုဆောင် ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) ခေါင်းဆောင်သော အဖွဲ့ဝင်၅၀ ပါဝင်သည့် လေ့လာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက်တွင် ပဲခူးတိုင်း(အနောက်ပိုင်း)ရှိ ဇီးကုန်းမြို့ မြသိန်းတန်ဘုရား၊ ပြည်မြို့ရှိ ရွှေဆံတော်ဘုရားနှင့် ရွှေဘုန်းပွင့်စေတီတော်၊ ပန်းတောင်းမြို့ ရွှေဘုံသာမုနိဘုရားတို့အား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ဇီးကုန်းမြို့နယ်၊ ပြည်မြို့နယ်နှင့် ပန်းတောင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့နှင့် မိတ်ဆက်ပွဲ ကျင်းပကာ အမှတ်တရ လက်ဆောင်ပစ္စည်းနှင့် အလံများကို ပေးအပ်ကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် ပြည်မြို့ သရေခေတ္တရာမော်ဇာ ရှေးဟောင်းပြတိုက်သို့ သွားရောက်၍ ပျူခေတ် ရှေးဟောင်းယဉ်ကျေးမှုများကို ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် ကိုင်းတန်းလမ်းထိပ် ဗုဒ္ဓဝါဒ္ဓုက စေတီတော်(၂၈)ကြိမ်မြောက် နှစ်ကျိုပ်ရှစ်ဆူဘုရားများ ဒေသစာရီကြွချီအပူဇော်ခံပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်၊ စေတီတော်နာယက သုခမိန်ဆရာကြည်နှင့် ဦးတင်စိန်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ခရိုင်ပြန်/ဆက်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၏ (၂၄)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မင်းသား ဟာဂျီမိုဟာမက်ဘိုလ်ကီးယားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် အနောက်ဘက်ရင်ပြင်(ကြာသပတေးထောင့်)အာရုံခံတန်ဆောင်း တည်ဆောက် ရန် တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် ရာဇသူရလမ်းနေ ဒေါ်ကြည်လေး မိသားစုက အလှူငွေကျပ်သုံးသိန်းကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်း စဉ်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်းရှိ ရတနာမဥ္ဇူဓမ္မရိပ်သာကျောင်းတိုက်တွင် တည်ဆောက်လျက်ရှိသော စိတ္တ ဝိဝေက လေးထပ်ကျောင်းတော်ကြီးအတွက် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်းနေ ဆရာဦးစိုးတင့်(ငြိမ်း-အဝေးသင်)က အလှူငွေကျပ် ၁၀သိန်းကို ကျောင်းတိုက် ဆရာတော် ကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ (ပုဂံ)ရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ နာယက ဦးမောင်မောင်ကြည် လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (က-ပ)

သန့်-တည်-ပွားအဖွဲ့ လူငယ်အဓိဋ္ဌာန်တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ထေရဝါဒဗုဒ္ဓသာသနာတော် သန့်ရှင်း-တည်တံ့-ပြန့်ပွားရေးအဖွဲ့ (သန့်-တည်-ပွား)အဖွဲ့သည် စတုတ္ထအကြိမ်မြောက် လူငယ်ကိုးရက်အဓိဋ္ဌာန်တရားစခန်းကို ရန်ကုန်တိုင်း ငါးဆူတောင်ကျေးရွာ (၅)ရပ်ကွက်ရှိ မြင့်မြတ်အလင်းရိပ်သာ ပရမတ္ထဓမ္မာရုံတွင် မတ် ၁ ရက်မှ ၉ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါအဓိဋ္ဌာန်တရားစခန်းသို့ (၇)တန်း၊(၈)တန်း၊ (၉)တန်း ကျောင်းသား၊ ကျောင်းသူလူငယ်များ ဝင်ရောက်နိုင်ပြီး စခန်းဝင်ဦးရေ ကန့်သတ်ထားပါသဖြင့် ဖေဖော်ဝါရီ ၂၈ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ရုံးအဖွဲ့ ဖုန်း-၀၁-၇၂၇၂၂၃ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

စိတ်အမိုးလုံက ကောင်းကျိုးသုခ ရ၏

အမိုးလုံသော အိမ်တွင်းသို့ မိုးရေမိုးပေါက် ဖောက်မဝင်နိုင်သကဲ့သို့ ကုသိုလ်တရား ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းသောသူ၏ စိတ်ထဲသို့ ကိလေသာ ရာဂ ထိုးဖောက်မဝင်ရောက်နိုင်သဖြင့် ကောင်းကျိုးသုခ ခံစားကြရပေမည်။

(ဓမ္မပဒ ၁၄)

စာအောင်ဆုကပ်လှူပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ဩဝါဒါစရိယနှင့် နာယက ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူပြီး သာသနာနုဂ္ဂဟသဟပုညကာရီ အဖွဲ့က အကျိုးဆောင်၍ ကျင်းပသော (၃၉)ကြိမ်မြောက် မြောက်ဥက္ကလာပ မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိ သဒ္ဓမ္မာနုဂ္ဂဟစာမေးပွဲကြီးကို တပို့တွဲလပြည့်ကျော် ၃ ရက်မှ ၉ ရက်အထိ၊ (၂၄-၂-၂၀၀၈ မှ ၁-၃-၂၀၀၈)ထိ ကျင်းပမည်ဖြစ်ပြီး စာအောင်ဆု ကပ်လှူပွဲကို တပေါင်းလဆန်း ၁၀ ရက် (၁၆-၃-၂၀၀၈)တွင် ကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင်များ ကြွရောက်ကြည်ညို နိုင်ကြောင်း သတင်းရရှိသည်။ (၆၇)

အရှင်သီရိတရားပွဲများ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်ကမ္ဘာအေး သံဃာ့တက္ကသိုလ် ကျောင်း တစ်ဘဝသာသနာ ကျမ်းပြု ဆရာတော် အရှင်ဃောသိတ၏ တပည့် သံဃာ့တက္ကသိုလ် အရှင်သီရိ (ဓမ္မာစရိယ B.E.T)သည် ဖေဖော်ဝါရီ ၂၆ရက်၌ ရမည်းသင်းမြို့နယ်-ပျားစည် ဓမ္မာစရိယပူဇာသဘင်၊ ဖေဖော်ဝါရီ ၂၈ရက်မှ မတ် ၃ရက်အထိ ရမည်း သင်းမြို့ ရန်အောင်မြင်ဓမ္မာရုံ၊ မတ် ၉ ရက်မှ ၁၆ ရက်အထိ ရမည်းသင်း မြို့နယ်-ပျားစည်အောင်ဗောဓိဓမ္မရိပ်သာ၊ သကြိန်အထူးဓမ္မသဘင်ကို ပဲခူးတိုင်း နတ်တလင်းမြို့ သရက်တောကျောင်း၌ ခုနစ်ရက်တိုင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ (က-ပ)

အလှူငွေကျပ် ၃၆၃ သိန်း ၅ သောင်း ရေစက်ချလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် တောင်နောက်ရွာ အရှေ့ကျောင်းတိုက်၌ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် နာနတ်တောလမ်း ရွှေကိန္နရီ အဆင့်မြင့်အိမ်ရာဝင်း အမှတ်(ဘီ/၄၁)နေ ဒုတိယဗိုလ်မှူးကြီးစံတင်(ငြိမ်း)၊ ဇနီး ဒေါ်သိန်းသိန်းစံ သားသမီးမြေးတစ်စုတို့က လှူဒါန်းသည့် အလှူငွေကျပ် ၃၆၃ သိန်း ၅ သောင်း ရေစက်ချ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါကျောင်းတိုက် အလှူမဏ္ဍာပ်၌ ကျင်းပ သည်။ **(အပေါ်ပုံ)**

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင် ဒုတိယဗိုလ်မှူးကြီးစံတင် (ငြိမ်း)၊ ဇနီး ဒေါ်သိန်းသိန်းစံ သားသမီးမြေးတစ်စုတို့က ကိုးတောင်ပြည့်စေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ စေတီတော်၏ ခြံစည်းရိုး အုတ်တံတိုင်းနှင့် သံပန်းသံတံခါး တပ်ဆင်လှူဒါန်းခြင်း၊ စက်ရေတွင်း တူးဖော်လှူဒါန်းခြင်း၊ ဘုရားကုန်းပေါ်ရှိ စေတီတော်များ ပြုပြင်မွမ်းမံခြင်း၊ ရာဇဝံသ သိမ်တော် ဆောက်လုပ်လှူဒါန်းခြင်း၊ ရှင်အပါး ၆၀ အား ရှင်သာမဏေအဖြစ်သို့ ရှင်ပြုအလှူမင်္ဂလာ ပြုလုပ်လှူဒါန်းခြင်း၊ သာမဏေကျော်၊ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ ဝိနယဓရ၊ ဝိနယကောဝိဒ၊ (ပိဋကတစ်ပုံအောင်) ဆရာတော် အရှင်ပညာဝံသာလင်္ကာရအား ချီးကျူးဂုဏ်ပြု ပူဇော်ပွဲများအတွက် ကုန်ကျငွေ စုစုပေါင်းငွေကျပ် ၃၆၃ သိန်း ၅သောင်းကို စိတ္တပါလဂူကျောင်း စာသင်တိုက် နာယကဆရာတော် ဘဒ္ဒန္တ ညေယျာဘိဝံသ ထံ ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၂-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	“မြင်ပေမယ့်မမှန်”တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်)
၈း၀၀-၂း၀၀	ပျော်ရွှင်ကြည်နူး ဘိုးဘွားတို့ရဲ့ ပဲခူးဘုရားဖူး
၈း၁၅-၂း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၀-၂း၄၀	ဒေါက်တာချစ်ငယ်(ဒဿန) Ph.D ၏ နိဗ္ဗာန်ဆီသို့ အထူးတရားပွဲ(၁)(နေပြည်တော် ပျဉ်းမနား)
၉း၀၅-၃း၀၅	တေးဂီတအစီအစဉ်
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	Yangon Panorama [သရဖူမဂ္ဂဇင်း(၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် Internet ပေါ်တွင် ထုတ်လွှင့်ခြင်းအခမ်းအနား]
၉း၃၅-၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	ရွှေတောင်မြို့မှ စည်းလုံးချည်
၁၀း၀၅-၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀-၄း၁၀	တေးဂီတအစီအစဉ်
၁၀း၂၀-၄း၂၀	စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး(ဖရုံသခွားစိုက်ပျိုးနည်း)
၁၀း၄၀-၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀-၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅-၄း၅၅	ဆန်းသစ်လှပ မြန်မာ့ကြေးဒေါင်းရွှေအလှ
၁၁း၀၅-၅း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀-၅း၁၀	တစ်ပတ်အတွင်းအားကစားသတင်း
၁၁း၂၅-၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀-၅း၃၀	အမျိုးသားဆေးပညာအမွေပေးရာ... တိုင်းရင်းဆေးတက္ကသိုလ်(အပိုင်း-၂)
၁၁း၅၅-၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀-၆း၀၀	နိုင်ငံတကာတေးဂီတဆုပေးပွဲအခမ်းအနား (AMA 2007)
၁၂း၃၀-၆း၃၀	လွင်မိုးခရီးသွားနေသည် (အပိုင်း-၄)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၀	BIRMINGHAM-ARSENAL	ESPN(Live)
၉း၂၅	Liverpool-Middlesbrough	ESPN(Live)
	Fulham-West Ham	Star Sport(Live)
၁၁း၄၀	Newcastle-Man Utd.	Star Sport(Live)



စပရင်တာဟုအမည်ပေးထားသည့် သစ်သားကိုယ်ထည်ဖြင့် ပြုလုပ်သော ပထမဆုံးထုတ်လုပ်သည့် ကားကို ဖေဖော်ဝါရီ ၂၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပိုးလမ်းမကြီးနှင့် ဥရောပ-အာရှဒေသချင်းဆက် လမ်းမကြီးများ ဒေါ်လာ ၄၃ဘီလီယံ အကုန်အကျခံ၍ ပြန်လည်မွမ်းမံမည်

ဂျီနီဗာ ဖေဖော်ဝါရီ ၂၁

ရှေးယခင်က ဖောက်လုပ်ခဲ့သည့် ပိုးလမ်းမကြီးနှင့် ဥရောပ-အာရှဒေသချင်း ဆက်သွယ်ထားသည့် သက်တမ်းရင့် လမ်းမကြီးများကို အမေရိကန်ဒေါ်လာ ၄၃ ဘီလီယံ အကုန်ခံ၍ ပြန်လည်မွမ်းမံရန် ဥရောပနှင့် အာရှမှ ဆက်သွယ်ရေးဝန်ကြီးများက အင်္ဂါနေ့တွင် သဘောတူညီကြကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။

ပျက်စီးနေသည့် လမ်းမကြီးများ၊ မပြည့်စုံသည့် မီးရထားလမ်းများ၊ လုပ်ဆောင်ရန် ခက်ခဲနေသည့် နယ်စပ်ဖြတ်ကူးလမ်းနှင့် ဆိပ်ကမ်းများ အပါအဝင် ဥရောပ-အာရှ ကုန်သွယ်ရေးတိုးတက်ရေးတွင် လောလောဆယ်အားဖြင့် အဟန့်အတားဖြစ်နေသည့် ဟာကွက်များကို ၂၀၁၄ ခုနှစ်တွင် အောင်မြင်စွာ ကျော်လွှားနိုင်ရန် အဆိုပါ ဆက်သွယ်ရေး ဝန်ကြီးများက မျှော်မှန်းထားကြသည်။

တရုတ်၊ အီရန်၊ ရုရှားနှင့် တူရကီနိုင်ငံတို့ အပါအဝင် ၁၉ နိုင်ငံမှ ဝန်ကြီးများနှင့် အထက်တန်း တာဝန်ရှိပုဂ္ဂိုလ်များက ဦးစားပေးစီမံကိန်း ၂၃၀ကို ဖော်ဆောင်ခြင်းဖြင့် ကုန်းတွင်းသယ်ယူပို့ဆောင်ရေးလမ်းများ တိုးတက်မှုရှိစေရန် ရည်မျှော်ကာ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ် ယူနန်ပြည်နယ် အဝေးပြေးလမ်းတွင် ယာဉ်တိုက်မှုကြောင့် သေဆုံးသူတိုးမြင့်

ရှန်ရှာ ဖေဖော်ဝါရီ ၂၀

တရုတ်နိုင်ငံ အလယ်ပိုင်း ယူနန်ပြည်နယ် အဝေးပြေးလမ်းမ၌ ဖေဖော်ဝါရီ ၁၈ ရက်က ဘတ်စ်ကားနှင့် လောင်စာဆီတင်ယာဉ်နှစ်စီး တိုက်မိရာတွင် သေဆုံးသူ ၁၇ ဦးထိ တိုးမြင့်လာကြောင်း အာဏာပိုင်များက ပြောကြားသည်။

လူ ၂၅ ဦး ဒဏ်ရာရရှိကြောင်း၊ ယာဉ်တိုက်မှုကြောင့် မီးလောင်မှု ဖြစ်ပွားရာမှ ဘတ်စ်ကား ခရီးသည် အများဆုံး ဒဏ်ရာရရှိကြောင်း ချန်ကျိုးမြို့ သတင်းပြန်ကြားရေးရုံးက ဖေဖော်ဝါရီ ၁၉ရက်တွင် ပြောကြားသည်။

ယာဉ်တိုက်မှုဖြစ်ပြီး ၁၅ နာရီ အကြာ ယင်းနေ့နံနက် ၁၀ နာရီခန့်၌ အဝေးပြေးလမ်း၏ မြောက်နှင့်တောင် ဆက်သွယ်ထားသည့်လမ်းများပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်း အဆိုပါရုံးက ထည့်သွင်းပြောကြားသည်။

ဂွမ်ဒေါင်းပြည်နယ် တောင်ပိုင်း၊ ပေကျင်းနှင့် ဂူဟိုင်းမြို့ကို ဆက်သွယ်ထားသည့် တောင်- မြောက် အဝေးပြေးလမ်းမတွင် ည ၇ နာရီခန့်က မတော်တဆယာဉ်တိုက်မှု ဖြစ်ပွားခဲ့သည်။

မြောက်ဘက်သို့ ဦးတည်မောင်းနှင်လာသောခရီးသည်တင်ဘတ်စ်ကားသည် ဓာတုပစ္စည်းအရည်တန် ၃၀ ခန့် တင်ဆောင်လာသည့် ယာဉ်၏နောက်ပိုင်းသို့ဝင်တိုက်မိခဲ့ကြောင်း၊ ထိုဓာတ်ပစ္စည်းများမှာ ဓာတုပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် အရည်များဖြစ်ပြီး ထိုအရည်များသည် မီးလောင်လွယ်ကြောင်း ယင်းမြို့ မီးသတ်ဌာနက ပြောကြားသည်။

အဆိုပါ ယာဉ်နှစ်စီးတိုက်မှုကြောင့် တစ်စီးမှာမီးလောင်ပြီး အခြားတစ်စီးမှာ ပေါက်ကွဲခဲ့သည်။ အခင်းဖြစ်ပွားသည့်နေရာမှ မီတာ၂၀ခန့်အတွင်းရှိ ကုန်တင်ယာဉ်နှင့် အခြားဘတ်စ်ကားတစ်စီးလည်း မီးလောင်သွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အရှေ့တီမော သမ္မတ သတိပြန်လည်ရရှိ

ကင်ဘာရာ ဖေဖော်ဝါရီ ၂၁

အရှေ့တီမောသမ္မတ ဟိုဆေးရာမို့စ်ဟော်တာသည် မြို့တော်ဒီလီ၌ လုပ်ကြံခံရပြီးနောက် ၁၀ ရက် အကြာ မေ့နေရာမှသတိပြန်လည်ရရှိလာပြီ ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ကြာသပတေးနေ့က ပြော ကြားသည်။

ဩစတြေးလျနိုင်ငံမြောက်ပိုင်း ဒါဝင်မြို့တွင်သမ္မတ၏လက်ထောက် လူ့ဂေါ်လင်းက သမ္မတသည် ၎င်း၏မိသားစုနှင့် စကားများ ပြောလာနိုင်ပြီဟု ပြောသည်။ သမ္မတသည်ဖေဖော်ဝါရီ ၁၁ ရက်ကတည်းက ဒါဝင်မြို့ ဆေးရုံတစ်ခုတွင် ခွဲစိတ်ကုသမှုခံယူခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန် တိုက်လေယာဉ်နှစ်စင်း လေ့ကျင့်ပျံသန်းစဉ် ပျက်ကျ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၁

အမေရိကန်နိုင်ငံ ဖလော်ရီဒါ ပြည်နယ်အနီးရှိ မက္ကဆီကိုပင်လယ်ကွေ့ အတွင်းသို့ အမေရိကန် အက်ဖ်-၁၅တိုက်လေယာဉ်နှစ်စင်း ပျက်ကျမှု ဖြစ်ပွားရာ လေယာဉ်မှူးတစ်ဦး သေဆုံးကြောင်း လေတပ်က ဖေဖော်ဝါရီ ၂၀ရက်တွင် ပြောကြားသည်။

ပျက်ကျခဲ့

အဆိုပါ တိုက်လေယာဉ်များသည် လေ့ကျင့် ပျံသန်းစဉ် ဖလော်ရီဒါပြည်နယ်ရှိ အီဂလင်လေတပ်စခန်းမှ ကီလိုမီတာ ၈၀ခန့်အကွာရှိ မက္ကဆီကိုပင်လယ်ကွေ့အတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

ယင်းလေယာဉ်နှစ်စင်းပျက်ကျမှုဖြစ်ပွားပြီးနောက် စစ်ဘက်နှင့် အမေရိကန် ကမ်းခြေစောင့် တပ်ဖွဲ့များက ရှာဖွေကယ်တင်ခဲ့ကြောင်း လေတပ်က ပြောကြားသည်။

ရပ်ဆိုင်းခဲ့

၂၀၀၇ခုနှစ် နိုဝင်ဘာလက မစ်ဆူရီပြည်နယ်တွင် အက်ဖ်-၁၅စီ ဂျက်လေယာဉ်ပျက်ကျပြီးနောက် အမေရိကန်လေတပ်တွင် အက်ဖ်-၁၅အေမှ အက်ဖ်- ၁၅ဒီထိ ဂျက်လေယာဉ်အားလုံးနီးပါးကို ပျံသန်းခွင့် ရပ်ဆိုင်းခဲ့သည်။ ယင်းဂျက်လေယာဉ်များကို စစ်ဆေးပြီးမှ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် ခွင့်ပြုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

တူရကီတပ်ဖွဲ့မှ တင့်ကားများ အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်သူပုန်များကို နှိမ်နင်းရန် ဆီလိုပီမြို့သို့ ထွက်ခွာလာသည်ကို ဖေဖော်ဝါရီ ၂၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်မြောက်ပိုင်းဒေသတွင် ဖေဖော်ဝါရီ ၁၉ ရက်က လမ်းဘေးဗုံး ပေါက်ကွဲမှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဖြစ်ပွားရခြင်း၏ အကြောင်းရင်း အသေးစိတ်ကို ပြောကြားခြင်း မရှိပေ။

စစ်သွေးကြွများကိုထိထိရောက်ရောက် နှိမ်နင်းသောကြောင့် လွန်ခဲ့သည့်လများက အီရတ်နိုင်ငံအတွင်း တိုက်ခိုက်မှုများ လျော့နည်းလာခဲ့သည်။ သို့သော် ဖေဖော်ဝါရီလတွင် တပ်ဖွဲ့ဝင် ၂၂ဦး သေဆုံးခဲ့ကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။

အီရတ်စစ်ပွဲဖြစ်ပွားပြီးနောက် အီရတ်နိုင်ငံတွင် အမေရိကန် တပ်ဖွဲ့ဝင် ၃၉၆၆ ဦး သေဆုံးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ထိုင်း၌ ဆူနာမီသတိပေးချက်ရုပ်သိမ်း

ဗန်ကောက် ဖေဖော်ဝါရီ ၂၁

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းတွင် ၇ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်ခတ်သွားပြီးနောက် ပြည်နယ်ငါးခုအနီးအနားနှင့် ဖူးခက်ကျွန်းအပန်းဖြေစခန်းအတွက် ဆူနာမီသတိပေးထုတ်ပြန်ချက်ကို ထိုင်းနိုင်ငံ သဘာဝဘေးအန္တရာယ် သတိပေးဌာနက ဖေဖော်ဝါရီ ၂၀ ရက်တွင် ရုပ်သိမ်းခဲ့သည်။

ကီလိုမီတာ ၃၀အနက်ကို ဗဟိုပြု၍ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၈ မိနစ်က ငလျင်လှုပ်ရှားခြင်းဖြစ်ပွားပြီးနောက် နှစ်နာရီအကြာတွင်ဟာဝိုင်ယီကျွန်းအခြေစိုက် ပစိဖိတ်ဆူနာမီသတိပေးဌာနကလည်း ဆူနာမီသတိပေးချက်ကို ရုပ်သိမ်းခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသနှင့်ဘူမိရူပဗေဒဌာနက ပြောကြားသည်။

ဖူးခက်အပန်းဖြေစခန်းသို့ ရောက်ရှိနေသော ကမ္ဘာလှည့်ခရီးသည်တစ်ဦးက ယခုအခါ အပန်းဖြေစခန်းတွင် အရေးပေါ်သတိပေးချက်မရှိတော့ကြောင်း၊ ဖူးခက်တွင် ပုံမှန်အခြေအနေရှိနေကြောင်း ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ထိုင်းနိုင်ငံရှိ ဖူးခက်၊ ဖန့်ငါ၊ ကရာဘီ၊ တီရန့်၊ ရာနောင်နှင့် ဆာတွန်ပြည်နယ်တို့ကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် အာရှဆူနာမီက အကြီးအကျယ်ဖျက်ဆီးခဲ့သည်။ ၎င်းဘေးအန္တရာယ်ကြောင့် လူပေါင်း ၅၂၂၆ ဦး သေဆုံးပြီး ၁၁၂၇၉ဦး ဒဏ်ရာရရှိကာ ၂၉၁၄ဦးပျောက်ဆုံးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဆူပူဆန္ဒပြသူများအား ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးနေသည်ကို ဖေဖော်ဝါရီ ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားတွင်ငလျင်လှုပ်၊ အနည်းဆုံးသုံးဦးသေ

ဂျကာတာ ဖေဖော်ဝါရီ ၂၁

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းမြောက်ပိုင်း အာချေးပြည်နယ် ဆိုင်းမဲလူကျွန်းတွင် ဗုဒ္ဓဟူးနေ့က အင်အားပြင်းထန်သော ငလျင်တစ်ခုလှုပ်သွားသောကြောင့် အနည်းဆုံးသုံးဦးသေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိသွားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ အဆောက်အအုံများ ပြိုကျ၍ ထိခိုက်မှုများကြောင့် ထိုသို့ သေဆုံးခြင်း၊ ဒဏ်ရာရရှိခြင်းများဖြစ်ခဲ့ရသည်ဟု ကျန်းမာရေးဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောသည်။

အဆောက်အအုံများစွာ ပျက်စီးပြီး အပျက်အစီးများကြားတွင် ရှာဖွေမှုများ ပြုလုပ်နေရာ သေဆုံးသူဦးရေ ပိုမိုတွေ့ဖွယ်ရှိသည်ဟု ၎င်းက ဆက်လက်ပြောသည်။

ဆိုင်းမဲလူကျွန်း ဆီနာဘန်မြို့အနောက်မြောက်ဘက် ၄၂ကီလိုမီတာအကွာ မြေပြင်အောက် ကီလိုမီတာ ၃၀ အနက်ကိုဗဟိုပြု၍ အင်အား ၇ ဒသမ ၆ ရစ်ချ်စတာစကေးရှိသော ငလျင်သည် ဂျကာတာစံတော်ချိန် ညနေ ၃နာရီ ၈မိနစ်တွင် လှုပ်သွားခြင်းဖြစ်သည်ဟု မိုးလေဝသဌာနက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

လွန်းပြန်ယာဉ် မြေပြင်သို့ အောင်မြင်စွာဆင်းသက်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၁

အမေရိကန် အာကာသလွန်းပြန်ယာဉ် "အတ္တလန္တစ်"သည် အပြည်ပြည်ဆိုင်ရာ အာကာသစခန်းယာဉ်တွင် ပြုလုပ်သည့် တည်ဆောက်ရေးခရီးစဉ်ကို အဆုံးသတ်၍ ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသစခန်းသို့ ဒေသစံတော်ချိန် နံနက် ၉း၀၇နာရီတွင် ဆင်းသက်ပုံကို နာဆာရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားသည်။

အာကာသယာဉ်မှူး ခုနစ်ဦးလိုက်ပါလာသော လွန်းပြန်ယာဉ်သည် မြေပြင်သို့ ဘေးမသီရန်မခ ဆင်းသက်နိုင်ခဲ့ကြောင်း နာဆာက ကြေညာသည်။

လွန်းပြန်ယာဉ်မှူးများသည် ဒေါ်လာသန်းနှစ်ထောင်နီးပါးတန်ဖိုးရှိသော ဥရောပအာကာသ အေဂျင်စီ၏ "ကိုလမ်ဘတ်စ်" ဓာတ်ခွဲခန်းကို အာကာသယာဉ်စခန်း၌ တပ်ဆင်ပေးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အတ္တလန္တစ် အာကာသလွန်းပြန်ယာဉ် ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသစခန်းသို့ ဆင်းသက်လာသည်ကို ဖေဖော်ဝါရီ ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ညီညွတ်သည့်ညွန့်ပေါင်းအစိုးရဖွဲ့ရန် ပါကစ္စတန်သမ္မတတိုက်တွန်း

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၂

ပါကစ္စတန်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းသည့် အုပ်ချုပ်မှုရရှိစေရေးအတွက် ညီညွတ်သည့် ညွန့်ပေါင်းအစိုးရတစ်ရပ်ဖွဲ့စည်းရန် လိုအပ်သည်ဟု ပါကစ္စတန်သမ္မတပါဗက်ဇ်မူရှာရက်ဖ်က ဗုဒ္ဓဟူးနေ့တွင် အလေးထားပြောကြားကြောင်း နိုင်ငံခြားရေးရုံး၏ ထုတ်ပြန်ကြေညာချက်တွင် ပါရှိသည်။

မူရှာရက်ဖ်က အမေရိကန် အောက်လွှတ်တော်အမတ် အယ်လ်တန်ဂလက်လီနှင့် ရာဝါပင်ဒီမြို့တွင် ဗုဒ္ဓဟူးနေ့က တွေ့ဆုံပြီး ပါကစ္စတန်-အမေရိကန်ဆက်ဆံရေး အခြေအနေများနှင့် ဖေဖော်ဝါရီ ၁၈ ရက် ရွေးကောက်ပွဲအပါအဝင် နိုင်ငံအတွင်း နောက်ဆုံးဖြစ်ပေါ်မှုများကို ဆွေးနွေးညှိနှိုင်းကြစဉ် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

မူရှာရက်ဖ်က ဖေဖော်ဝါရီ ၁၈ ရက် ရွေးကောက်ပွဲအရေးပါမှုအပေါ် အလေးထားပြောကြားပြီး နိုင်ငံ၏ကောင်းကျိုးအတွက် ညီညွတ်သည့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန်ကိစ္စကိုလည်း တိုက်တွန်းလိုက်သည်။

ပါကစ္စတန်အနေဖြင့် စိန်ခေါ်မှုအမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ရပြီး အစဉ်အမြဲပင် အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊

အကြမ်းဖက်တိုက်ခိုက်မှု တိုက်ဖျက်ရေးတွင် အောင်မြင်မှုရရှိခဲ့ပြီး အနာဂတ်ကာလ၏ အခြေအနေသည် ပိုမိုကောင်းမွန်လာနိုင်သည်ဟု မူရှာရက်ဖ်က ထပ်လောင်းပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်နိုင်ငံ ရွေးကောက်ပွဲ၌ အနိုင်ရပါတီများဖြစ်သော ပီပီပီပါတီမှ တွဲဖက်ဥက္ကဋ္ဌ အာဆစ်ဖ် အလီဇာဒါရီ (ဝဲ) နှင့် ပီအမ်အယ်လ်(အင်) ပါတီခေါင်းဆောင် နဝပ်ရှာရစ်ဖ်တို့ကို ဖေဖော်ဝါရီ ၂၁ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်၌ အယ်လ်ကိုင်းဒါးခေါင်းဆောင် သေဆုံး

တီကရစ်(အီရတ်) ဖေဖော်ဝါရီ ၂၂

အီရတ်နိုင်ငံ ဆာလာဟူဒင်ပြည်နယ်တွင် အီရတ်ရဲတပ်ဖွဲ့နှင့် အယ်လ်ခိုင်ဒါ စစ်သွေးကြွများတိုက်ခိုက်မှုဖြစ်ပွားရာ အီရတ်နိုင်ငံသားမဟုတ်သော အယ်လ်ခိုင်ဒါခေါင်းဆောင် အာရပ်လူမျိုးတစ်ဦးသေဆုံးကြောင်း ဗုဒ္ဓဟူးနေ့တွင် အမေရိကန်နှင့် အီရတ် ပူးပေါင်းအဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ ၁၂၀ ခန့်အကွာရှိ ဆာမာရာမြို့ အရှေ့ဘက် အယ်လ်ဂျယ်လမ်ဒေသတွင် အယ်လ်ခိုင်ဒါ စစ်သွေးကြွများ ခိုအောင်းရာနေရာများကို ပူးပေါင်းအဖွဲ့ ဒါဇင်ကျော်က ဖေဖော်ဝါရီ ၁၉ရက် ညပိုင်းတွင် ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုဖြစ်ပွားရာတွင် လက်နက်ကိုင်တစ်ဦး သေဆုံးကြောင်း၊ ၎င်းသေဆုံးသူသည် အယ်လ်ကိုင်းရီးယားရှိ အယ်လ်ခိုင်ဒါခေါင်းဆောင် အဘူအက်စ်ဇမ်ဖြစ်ကြောင်း ၎င်းပူးပေါင်းအဖွဲ့က ပြောကြားသည်။

အခြားဖြစ်ပွားမှု တစ်ခုဖြစ်သည့် ဆာလာဟူဒင်ပြည်နယ် မြောက်ပိုင်း ရှိရတ်မြို့ အနောက်ဘက်ရှိ ကျေးရွာများတွင် စစ်ဆင်ရေးပြုလုပ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့များက သောင်းကျန်းသူ ၁၅ဦးကို ဖမ်းဆီးရမိကြောင်း သတင်းကဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror နိုင်ငံတကာရေးရာသတင်းများ

ရုပ်ဝေးမြေခြား မဲဆန္ဒနယ်များတွင် အိုဘားမားက ကလင်တန်ကို အသာရ ဆီနိတ်တာမက်ကိန်း အမျိုးသမီးတစ်ဦးနှင့်ပတ်သက်ခဲ့ဟု သတင်းစာက ရေးသား

ဝါရှင်တန် ဖေဖော်ဝါရီ ၂၂

ရုပ်ဝေးမြေခြားရောက် အမေရိကန်နိုင်ငံသားများ၏ ဆန္ဒကိုရယူသော အကြိုအခြေခံ သမ္မတလောင်းရွေးပွဲတွင် ဒီမိုကရက်တစ်ပါတီမှ ယှဉ်ပြိုင်သူ ဆီနိတ်တာအိုဘားမားသည် ပြိုင်ဘက် နယူးယောက် ဆီနိတ်တာကလင်တန်အပေါ် အနိုင်ရရှိသွားကြောင်း ဖေဖော်ဝါရီ ၂၁ ရက်က ထွက်ပေါ်လာသော သတင်းကဖော်ပြသည်။

ကြေညာ

ရုပ်ဝေးမြေခြားရောက် အမေရိကန်များက ဆန္ဒပြုကြရာတွင် အိုဘားမားအား ထောက်ခံသူမှာ ၆၅ရာခိုင်နှုန်းရှိပြီး ကလင်တန်အား ထောက်ခံသူမှာ ၃၂ ရာခိုင်နှုန်းရှိကြောင်း ဒီမိုကရက်တစ်ပါတီ၏ အပြည်ပြည်ဆိုင်ရာ မဲဆန္ဒရွေးချယ်ရေးဘုတ်အဖွဲ့က ကြေညာသည်။

စီအင်န်အင်န်သတင်းဌာန၏ ရေတွက်မှုအရ ယခုအခါ အိုဘားမားသည် ပါတီတွင်းကိုယ်စားလှယ်မဲ ၁၃၁၉ မဲကို ရရှိကာ ကလင်တန်မှာမူ ကိုယ်စားလှယ်မဲ ၁၂၅၀ ကို ပိုင်ဆိုင်ထားကြောင်း သိရသည်။

ယခုအနိုင်ရရှိမှု အခြေအနေသည် အိုဘားမားအတွက် မဲဆန္ဒနယ် ၁၁ ခုတွင် ဆက်တိုက် အသာရရှိနေခြင်းပင်ဖြစ်သည်။

ကလင်တန်က အိုဘားမားသည် ခပ်ပျော့ပျော့သဘောထားရှိသူဖြစ်သည်။ ပြောဆိုစည်းရုံးရာ၌ ကိုယ်ပိုင်ရုပ်တည်မှုမရှိဘဲ အငှားစကားလုံးများကို သုံးစွဲ၍သာ ဟောပြောနေသည်ဟု ဝေဖန်သွားသည်။

အိုဘားမားကမူ ဒီမိုကရက်တစ်များအနေဖြင့် တစ်ယောက်ကိုတစ်ယောက် အပုပ်ချခြင်းဖြင့် အချိန်ကုန်နေမည့်အစား နိုင်ငံ့ကောင်းကျိုး မည်သို့သယ်ပိုးမည်ဆိုသောကိစ္စရပ်များကို ဆွေးနွေးခြင်းဖြင့်သာ အချိန်ကို အသုံးပြုသင့်သည်ဟု သုံးသပ်ပြောကြားသွားသည်။

စွပ်စွဲမှုနှင့်ကြုံရ

အကြိုအခြေခံ သမ္မတလောင်းရွေးရာ၌ ရီပတ်ဘလီကန်ပါတီတွင်း၌ ဆီနိတ်တာမက်ကိန်းသည် ရှေ့သို့ အရှိန်ကောင်းကောင်းဖြင့် ပြေးနေချိန်တွင် ၎င်းမှာ အသရေပျက်စေမည့် စွပ်စွဲမှုနှင့် ကြုံရသည်။ နယူးယောက်တိုင်းမ်သတင်းစာဆောင်းပါးတွင် မက်ကိန်းသည် ဗစ်ကီအစ္စမန်ဆိုသူ အမျိုးသမီးတစ်ဦးနှင့် ပတ်သက်မှုရှိခဲ့ပြီး မရှင်းမရှင်း ဖြစ်ခဲ့သည်ဟူ၍ စွပ်စွဲရေးသား ဖော်ပြခဲ့သည်။

မက်ကိန်းက ထိုအဖြစ်အပျက်သည် မဟုတ်မမှန်သော စွပ်စွဲရေးသားချက်မျှသာဖြစ်သည်ဟု ပြန်လည်ချေပခဲ့သည်။ မည်သို့ပင်အခြေအနေများဖြစ်ပေါ်ပြောင်းလဲလျက်ရှိသော်လည်း နိုဝင်ဘာလ၌ နောက်ဆုံးသမ္မတလောင်းရွေးကြရာတွင် ဒီမိုကရက်တစ်ပါတီမှ ယှဉ်ပြိုင်သူသည် ရီပတ်ဘလီကန်မှ မက်ကိန်းနှင့်သာ ယှဉ်ပြိုင်ရဖွယ်ရာရှိသည်ဟု မှန်းဆချက်များ ထွက်ပေါ်လျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်ရေတပ်က ထောက်လှမ်းရေးဂြိုဟ်တုကို ပစ်ချ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၁

အမေရိကန်ရေတပ်သည် ပစိဖိတ်သမုဒ္ဒရာမြောက်ပိုင်းရှိ စစ်သင်္ဘောတစ်စင်းပေါ်မှ ဒုံးကျည်တစ်စင်းဖြင့် ထိန်းချုပ်၍ မရတော့သော ထောက်လှမ်းရေးဂြိုဟ်တုတစ်လုံးကို ပစ်ချလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဗုဒ္ဓဟူးနေ့ ညနေ့ပိုင်းတွင် ကြေညာသွားသည်။

ပစ်မှတ်ကို သေချာစွာထိမှန်သွားကြောင်း ပင်တဂွန်ဌာနမှသတင်းကို ကိုးကား၍ ပြောကြားခြင်းဖြစ်သည်။ သို့သော်ပစ်မှတ်ဂြိုဟ်တုပျက်စီးခြင်း ရှိ၊ မရှိကိုမူ တစ်ရက်သို့မဟုတ် နှစ်ရက်ကြာမှ သိရမည်ဖြစ်သည်။

ပစိဖိတ်သမုဒ္ဒရာပေါ်တွင် ရာသီဥတုသာယာနေသဖြင့် ဂြိုဟ်တုကိုပစ်ခတ်ရန် အမိန့်ပေးခဲ့သည်။ ပင်တဂွန်၏ စောစောပိုင်း ကြေညာချက်အရ ကမ္ဘာမြေပြင်အထက် မိုင် ၁၅၀ အမြင့်တွင် ရှိနေသော ဘတ်စ်ကားတစ်စီး၏ အရွယ်ပမာဏရှိသောဂြိုဟ်တုကို ယူအက်စ်အက်စ်လိပ် အိရစ် စစ်သင်္ဘောပေါ်မှ အက်စ်အမ်-၃ ဒုံးကျည်ဖြင့် ပစ်ချခဲ့ကြောင်းသိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာမေးနီးယားနိုင်ငံ ဆီဗန်ရေအိုင်ဒေသတွင် နှင်းမုန်တိုင်း ကျရောက်သဖြင့် ယာဉ်အသွားအလာများ ပိတ်ဆို့နေသည်ကို ဖေဖော်ဝါရီ ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးကဏ္ဍ (၅)

ပါမောက္ခ ဒေါက်တာပိုင်စိုး

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေးသည် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်ရေးအတွက် အရေးကြီးသည့် လုပ်ငန်းစဉ် ဖြစ်ပါသည်။ ကျန်းမာရေးကဏ္ဍ တိုးတက်ရန် ရည်ရွယ်လျက် အမျိုးသားကျန်းမာရေးကော်မတီ ဦးဆောင်မှုဖြင့် နိုင်ငံတော်မှ ချမှတ်ထားသည့် ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းတာဝန်များအတိုင်း တိုးတက်ပြောင်းလဲနေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်နှင့် လိုက်လျောညီထွေရှိမည့် ကျန်းမာရေးစနစ် ဖြစ်ပေါ်လာစေရန် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၌ လူအများစုသည် ကျေးလက်တောရွာတွင် နေထိုင်ကြပြီး ရှေးရိုးစဉ်ဆက်က သုံးစွဲလာခဲ့ကြသော မြန်မာတိုင်းရင်းဆေးနည်းများကို အားထား၍ မိသားစု ကျန်းမာရေးအား ကာကွယ်စောင့်ရှောက် ရပ်တည် လာခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာရှည်ခဲ့ပြီဖြစ်ပါသည်။

တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်မှု

မိရိုးဖလာ တိုင်းရင်းဆေးနည်းများကို လက်ခံကုသ သုံးစွဲနေကြခြင်းအား နိုင်ငံတော်အကြီးအကဲက အားပေးသည့်အနေဖြင့် အာနိသင်ထက်မြက်၍ အန္တရာယ်ကင်းသော တိုင်းရင်းဆေးများကို ပိုမိုတိကျစွာ ပေါ်ထွက်လာနိုင်စေရန် ကျန်းမာရေးဝန်ကြီးဌာနအား အကောင်အထည်ဖော် ဆောင်ရွက်စေပါသည်။

"မိမိတို့တိုင်းရင်းဆေးပညာရပ်သည် အစဉ်အလာကြီးမားခဲ့သည့် ပညာရပ်များဖြစ်ကြောင်း၊ တိုင်းရင်းဆေးများကို တိတိကျကျ ခိုင်ခိုင်မာမာနှင့် တိုင်းရင်းဆေးသန့်သန့် ဖော်ထုတ်လုပ်သွားပါက ပြည်သူများ ပိုမိုယုံကြည်အားထားအသုံးပြုလာရမည်ဖြစ်ကြောင်း။"

လမ်းညွှန်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျန်းမာရေး ဝန်ကြီးဌာနသည် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်၊ အထက်မြန်မာပြည်၊ မြန်မာပြည်အလယ်ပိုင်း)စသည့် ဦးစီးဌာနများဖြင့် မိရိုးဖလာ စိတ်ချရသော တိုင်းရင်းဆေးပင်များနှင့် ရောဂါများကို ကုသကာကွယ်နိုင်ရန် သိပ္ပံနည်းကျ သုတေသနများ ပြုလုပ်ဆောင်ရွက်လျက် ရှိပါသည်။

တိုင်းရင်းဆေးပညာရုံးကို ၁၉၅၃ခုနှစ်တွင် ကျန်းမာရေးဦးစီးဌာန၏ လက်အောက်တွင်စတင်တည်ထောင်ခဲ့ပြီး တပ်မတော်အစိုးရလက်ထက် ၁၉၈၉ခုနှစ် ဩဂုတ်လတွင် တိုင်းရင်းဆေးပညာဦးစီးဌာနအဖြစ် အဆင့်မြှင့် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွင် တိုင်းရင်းဆေးနှင့် ကုထုံးများအား အသုံးပြုနိုင်ရန် ၁၉၈၉ ခုနှစ် အမျိုးသားကျန်းမာရေး စီမံကိန်း တွင် တိုင်းရင်းဆေးပညာနှင့် ပတ်သက်သော ကျန်းမာရေး စောင့်ရှောက်မှုများကို ထည့်သွင်းရေးဆွဲလာခဲ့သည်။

ကမ္ဘာပေါ်ရှိ လူသားအားလုံးကို ကျန်းမာရေး ပြဿနာများဖြေရှင်းနိုင်ရန် အနောက်တိုင်းဆေးဝါးများနှင့်သာ မလုံလောက်နိုင်ကြောင်း တွေ့ရှိရသဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် တိုင်းရင်းဆေးပညာရပ်များ တိုးတက်ဖော်ထုတ်ရေးအတွက် အဘက်ဘက်မှ အားပေးဆောင်ရွက်လျက်ရှိပါသည်။

အစွမ်းထက်သော တိုင်းရင်းဆေးပင်များ တိမ်ကောပပျောက်ခြင်း မရှိစေရေး၊ တိုင်းရင်းဆေးပညာရှင်များ တိုးတက်ပြန့်ပွားလာစေခြင်းဖြင့် မြန်မာတိုင်းရင်း ဆေးပညာ ဆောင်ရွက်ချက်များနှင့် သုတေသနလုပ်ငန်းများ နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရေး၊ တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးရေးဟူသော ရည်မှန်းချက်များဖြင့် တိုင်းရင်းဆေးပညာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ဖွင့်လှစ်ခဲ့ပါသည်။

တိုင်းရင်းဆေးရုံ(မန္တလေး)

ကျန်းမာရေး စွမ်းအားစု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အရ တိုင်းရင်းဆေးရုံနှစ်ရုံမှ ၁၄ ရုံ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဆေးရုံနှစ်ရုံ အဆင့်တိုးမြှင့်ခြင်း၊ ဆေးကုဌာန ၈၉ ခုမှ ၂၃၇ ခု တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ တိုင်းရင်းဆေး ဖွံ့ဖြိုးမှုအနေဖြင့် ၂၀၀၃ ခုနှစ်တွင် မှတ်ပုံတင်ပြီးသော တိုင်းရင်းဆေးပေါင်း ၅၀၀၀ ကျော်ရှိခဲ့ပါသည်။ တိုင်းရင်းဆေးဝါးစက်ရုံ နှစ်ရုံ တည်ထောင်နိုင်ခဲ့ပြီး အစွမ်းထက်သော တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရေးအတွက် ပရဆေးဥယျာဉ်များ ထူထောင်လျက်ရှိရာ ပြည်နယ်၊ တိုင်းအသီးသီး၌ ပရဆေးဥယျာဉ် ကိုးခု ထူထောင်ထားရှိပြီး ဖြစ်ပါသည်။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆေးဖက်ဝင် ပရဆေးပင်များ စုံလင်သော ပြည်တွင်း၊ ပြည်ပမှ စိတ်ပါဝင်စားသူများ လေ့လာနိုင်သည့် အမျိုးသား ပရဆေးဥယျာဉ်ကြီးကို ယခုအခါ နေပြည်တော်၌ စတင်တည်ထောင်လျက်ရှိပါသည်။ ယင်းဥယျာဉ်ကြီးသည် ၁၉၆ ဒသမ ၄ ဧက ကျယ်ဝန်းပြီး မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ပရဆေးပင်များကို နေရာတစ်နေရာတည်း၌ လေ့လာကြည့်ရှုနိုင်မည့် နိုင်ငံတကာအဆင့်မီ ပရဆေးဥယျာဉ်ကြီးတစ်ခုအဖြစ် ထွက်ပေါ်လာရန် ရည်မှန်းဆောင်ရွက်လျက် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

တိုင်းရင်းဆေးပညာ အဆင့်မြင့်မားရေးအတွက် အရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးဆရာများ လေ့ကျင့်မွေးထုတ်ရန် တိုင်းရင်းဆေးတက္ကသိုလ်ကို ၂၀၀၂ ခုနှစ်တွင် မန္တလေးမြို့၌ ဖွင့်လှစ်ခဲ့ပြီး စတင်သင်ကြားလျက်ရှိရာ တိုင်းရင်းဆေးပညာဘွဲ့ရ တိုင်းရင်းဆေးဆရာ ၁၇၄ ဦးကို ယခုအခါတွင် မွေးထုတ်ပေးပြီးဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အထိ တိုင်းရင်းဆေးသမားတော်များညီလာခံများကို ခုနစ်ကြိမ်ကျင်းပခဲ့ပါသည်။

တိုင်းရင်းဆေးကဏ္ဍနှင့် ပတ်သက်၍ တိုင်းရင်းဆေးဝါး ဥပဒေ၊ တိုင်းရင်းဆေးကောင်စီ ဥပဒေတို့ကို ပြဋ္ဌာန်းပေးနိုင်သဖြင့် ပြည်သူတို့အတွက် ဘေးဖြစ်စေမည့် တိုင်းရင်းဆေးဝါးများကို တားဆီးပေးနိုင်ခြင်း၊ အမှန်တကယ် အစွမ်းထက်သည့် မြန်မာတိုင်းရင်းဆေးဝါးများကို ထုတ်လုပ်ခွင့်လိုင်စင်များ ထုတ်ပေးနိုင်ခြင်း၊ တိုင်းရင်းဆေးဥပဒေကို ပြဋ္ဌာန်းပေးနိုင်သဖြင့် တိုင်းရင်းဆေးကောင်စီတစ်ရပ်ကို ဖွဲ့စည်းပေးနိုင်ခဲ့ပြီး တိုင်းရင်း ဆေးဆရာတို့အတွက် စနစ်တကျ တိုင်းရင်းဆေးဆရာ မှတ်ပုံတင်ထုတ်ပေးခြင်း၊ ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများကို ထိန်းသိမ်းခြင်းနှင့် တစ်ခုတည်းသော မြန်မာ့တိုင်းရင်းဆေးဆရာ အသင်းကို ၂၀၀၂ ခုနှစ်တွင် ဖွဲ့စည်းပေးခဲ့ပြီး တိုင်းရင်းဆေးဆရာတို့၏ စည်းလုံးညီညွတ်မှုကို ရရှိစေနိုင်ခြင်းတို့ကြောင့် တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးစေခဲ့ပါသည်။

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)သည် တိုင်းရင်းဆေး သုတေသနများကို ပြုလုပ်အကောင်အထည်ဖော် ဆောင်ရွက်နေသည်မှာ နှစ် ၄၀ ခန့်ရှိခဲ့ပြီ ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုများသော ရောဂါကြီးများနှင့်ပတ်သက်၍ တိုင်းရင်းဆေးပင်နှင့်ဆေးဖုံများ၏ အာနိသင်သက်ရောက်မှုတို့ကို စဉ်ဆက်မပြတ် သုတေသနပြု စမ်းသပ်ပေးနိုင်ခဲ့ပါသည်။

တိုင်းရင်းဆေးနှင့်ပတ်သက်၍ ကုထုံးများ၊ သုတေသနတွေ့ရှိချက်များ၊ တိုင်းရင်းဆေးခန်းသုံးဆေးဖုံများ၊ မဟာဘွဲ့ကျမ်းများကို ပြုစု စုဆောင်းထားရှိပြီး နောင်လာနောက်သားများအတွက် စနစ်တကျ ရေရှည်ထိန်းသိမ်းနိုင်ရန် စာအုပ်များ အသွင်ဖြင့် ပုံနှိပ်ထားရှိပါသည်။ ယင်းအပြင် အရှည်တည်တံ့စေရန် စီဒီဓာတ်ပြားများဖြင့် သိမ်းဆည်းထားရှိပြီး အချို့ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုထားရှိပါသည်။

မိရိုးဖလာအရ သုံးစွဲနေသည့် တိုင်းရင်းဆေးပင်များအား အသုံးပြု၍ ကုသခြင်းသည် ကုန်ကျစရိတ်သက်သာစေခြင်း၊ လွယ်လင့်တကူ ရရှိနိုင်ခြင်း၊ ဆေးအတွက် ဘေးအန္တရာယ်နည်းပါးခြင်းတို့နှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

တိုင်းရင်းဆေးနှင့် အနောက်တိုင်း ဆေးပညာတို့သည် အခြေခံသဘောထား အမြင်ယူဆချက်များမှာ များစွာ ကွာခြားလှပေသည်။ သို့သော်လည်း ကျန်ကုထုံးများသည် တိုင်းရင်းဆေးဆရာကြီးများ၏ နှစ်ကြာရှည်စွာ ကုသအောင်မြင်မှုရှိသော ဆေးပင်များကို အနောက်တိုင်း ဆေးပညာရှင်များ၏ အမြင်ဖြင့် သိပ္ပံနည်းကျကျ သုတေသနပြု ဆန်းစစ်ကြည့်သောအခါတွင် အာနိသင်ထက်သော၊ စိတ်ချရသော၊ ဘေးကင်းသောနည်းများ ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ သိပ္ပံနည်းကျ စမ်းသပ်မှုများ ပြုလုပ်ဆောင်ရွက်ခဲ့ရာတွင် ငှက်ဖျားရောဂါအတွက် နိုင်ငံခြားအကူအညီ မပါရှိဘဲ အစမှ အဆုံးတိုင် ကမ္ဘာ့အဆင့်မီ Quinine နှင့် Artemisinine ဆေးဝါးများကို စိုက်ပျိုးထုတ်လုပ်နိုင်နေပြီ ဖြစ်ပါသည်။

တီဘီရောဂါတွင်လည်း ပထမအဆင့် သမားရိုးကျ အနောက်တိုင်း တီဘီဆေးများဖြင့် ကုသ၍မရသော ဆေးယဉ်ပါး တီဘီရောဂါ (MDR -TB) လူနာများအတွက် အစွမ်းထက်မြက်သော မြန်မာ့တိုင်းရင်း ဆေးဝါးများကို သိပ္ပံနည်းကျ ဖော်ထုတ်အသုံးပြုနိုင်ပြီ ဖြစ်ပါသည်။ အမျိုးသား ကျန်းမာရေးကော်မတီမှ ကြီးကြပ်၍ မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုများသော ရောဂါကြီး ခြောက်မျိုးအတွက် ပြည်တွင်း၌ရှိသော ကုန်ကြမ်းများဖြင့် ဆေးဝါးထုတ်လုပ်ရန် အဖွဲ့များ ဖွဲ့စည်း၍ ကြိုးပမ်းဆောင်ရွက်မှုနှင့် သုတေသနပြုလုပ်မှုများကြောင့် ဆီးချိုရောဂါအတွက် ကြက်ဟင်းခါးသီး ဆေးဝါး၊ သွေးတိုးရောဂါအတွက် အကြောပေါင်း တစ်ထောင်ဆေးဝါး၊ ဝမ်းပျက်ဝမ်းလျှောရောဂါအတွက် ဓာတ်ဆားရည်အစား မြန်မာ့အုန်းစိမ်းရည်၊ ဝမ်းကိုက်ရောဂါအတွက် ရာတန်စေ့တို့ကို သိပ္ပံနည်းကျ စမ်းသပ်ဖော်ထုတ်၍ ပြည်သူလူထု လွယ်ကူစွာ သုံးစွဲနိုင်ရန် သက်ဆိုင်ရာဌာနများသို့ နည်းပညာများ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

မျက်မှောက်ကာလ တပ်မတော်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍသည် အရှိန်အဟုန်မြင့် တိုးတက်လာပြီဖြစ်သည်။ တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို တစ်နိုင်ငံလုံး လွှမ်းခြုံဖြည့်ဆည်း ပေးနိုင်ပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ပြီး နှစ်ဖြာသော ကာယသုခ၊ စိတ္တသုခနှင့် ပြည့်ဝနေပြီ ဖြစ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၂-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။ မြဝတီအဖွင့်
၁၂:၀၅	၂။ အဖွင့်သီချင်း
၁၂:၁၀	၃။ မျိုးချစ်တပ်မတော်
၁၂:၂၅	၄။ ကျန်းမာသုတ
၁၂:၃၀	၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"မိန်းမယူမယ်"** **- ကျော်ရဲအောင်၊ ချောရတနာ၊ ခင်လေးနွယ်၊ မိုးပြည့်ပြည့်မောင်**
၁:၅၀	၆။ အမျိုးသားရေးတေးကဗျာ
၁:၅၅	၇။ အပိတ်နှုတ်ဆက်စကား
၂:၀၀	၈။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄:၁၅	၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၀	၅။ မျိုးချစ်တပ်မတော်
၄:၃၀	၆။ **တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ပို့ချချက်** - ပထဝီဝင်
၄:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။ နိုင်ငံတကာသတင်း
၆:၂၀	၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၂။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅	၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်တွင်တဲ့ သူရဲကောင်း (အပိုင်း-၃၉)**
၈:၀၀	၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။ မိုးလေဝသသတင်း
	၁၇။ အမျိုးသားရေးတေးကဗျာ
	၁၈။ လူရွှင်တော်ရွှေဖလား
	၁၉။ English Usage
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပြည်ချစ်သူရဲကောင်း (အပိုင်း-၃၆)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဆိုင်ရာဆောင်ရွက်၊ အသင်းဝင်များနှင့်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ဖေဖော်ဝါရီ ၁၈ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံဗုဒ္ဓဓမ္မစင်တာ ဆောက်လုပ်ရေးအတွက် လုပ်ငန်းများ ကြိုတင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆောက်လုပ်ရေး အင်ဂျင်နီယာများအား ပုဂံဗုဒ္ဓဓမ္မစင်တာ ဆောက်လုပ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် ပခုက္ကူမြို့ သာသနာ့ဗိမာန်တော်၌ ကျင်းပသော နဝမအကြိမ်သာသနာလင်္ကာရ စာတော်ပြန်ပွဲသို့တက်ရောက်၍ နာယကဆရာတော်များနှင့် စာဖြေသံဃာတော်များအားလည်းကောင်း၊ သာသနာ့ ဝိပုလာရာမ(မန္တလေး)အနောက်တိုက်သို့ သွားရောက်၍ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဘန၊ မဟာဝိဇယာရာမ အလယ်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမင်္ဂလ၊ မဟာဝိသုတာရာမအရှေ့တိုက်စာချဆရာတော် ဘဒ္ဒန္တကောသလ္လနှင့် ဇောတိမဏ္ဍိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝီရိယတို့အားလည်းကောင်း ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ဝန်ကြီးသည်ပခုက္ကူမြို့ တောင်ဇလပ် လူငယ်ပျိုးခင်းသင်တန်းကျောင်းသို့သွားရောက်၍ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အလှူငွေများလက်ခံ

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့ ညောင်စောက်ရွာရှိ အောင်တော်မူဘုရား ပန္နက်တော်တင်ပွဲသို့ တက်ရောက် ပန္နက်တော်တင်ပေးပြီး အလှူငွေကျပ်တစ်သိန်းကိုလှူဒါန်းသည်။ ဆက်လက်၍ ဝန်ကြီးသည် ရေစကြိုမြို့ ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး ပန္နက်တော်တင် အခမ်းအနားနှင့် အလှူတော်ငွေပေးအပ်ပွဲသို့ တက်ရောက်၍ ပန္နက်တင်ပေးပြီး အလှူငွေများကို လက်ခံသည်။

ဆက်ကပ်

အဆိုပါ အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာနမှ ငွေကျပ်သိန်း ၄၀ နှင့် အလှူရှင်များက ငွေကျပ် သိန်း ၄၀၀ စုစုပေါင်း ငွေကျပ်သိန်း ၄၄၀ လှူဒါန်းကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ရေစကြိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအားတွေ့ဆုံပြီး အသင်းစာကြည့်တိုက်နှင့် ရေစကြိုမြို့ ကျောင်းစာကြည့်တိုက်တို့အတွက် စာအုပ်နှင့်စာစောင်များကို လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ညနေပိုင်းတွင် မုံရွာမြို့ ဇောတိကာပါဠိတက္ကသိုလ် ကျောင်းတိုက်သို့ သွားရောက်၍ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် အဘိဓမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေရောင်မြင်မဟာစည်သာသနာ့ရိပ်သာ ၁၀ ရက်တစ်ကြိမ် တရားစခန်းဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်း တွံတေးမြို့နယ် ကံဘဲ့စံပြကျေးရွာ ရွှေရောင်မြင်မဟာစည်သာသနာ့ရိပ်သာ ဆရာတော် ဦးအဂ္ဂ(AGTI-EP)(MOGE)၏တရားစခန်းပွဲကို ဖေဖော်ဝါရီ ၂၂ ရက် (တပို့တွဲလပြည့်ကျော်၁ရက်) မှ စတင်ကာ ၁၀ ရက်တစ်ကြိမ် ဖွင့်လှစ်ရာ တရားစခန်း ဝင်လိုသူများသည် ရိပ်သာဖုန်း ၀၁-၂၆၉၅၅၃၊ ဒေါ်ကြူန္ဒာအောင် ဖုန်း-၀၉၅၀၁၈၈၃၆၊ ဦးခင်မောင်ဝင်း ဖုန်း-၀၉၅၀၀၄၅၂၅၊ ဦးတင်အေး ဖုန်း-၀၉၅၀၀၃၇၈၂၊ ဦးဝေလွင် ဖုန်း-၀၉၅၁၃၂၇၇၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

နှစ်ထပ်သိမ်တော်ကြီး၌ ကြွေပြားခင်းရန်နှင့် မဟာရံတံတိုင်းအတွက် လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သီလဝိသောဓနီ နှစ်ထပ်သိမ်တော်ကြီးတွင် အထက်ထပ်၊ အောက်ထပ်ကြွေပြားခင်းခြင်းလုပ်ငန်းများနှင့် မဟာရံတံတိုင်း ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တစ်ပေပတ်လည် ကြွေပြားတစ်ချပ် ငွေကျပ်တစ်ထောင်နှုန်း၊ ၁၀ ပေပတ်လည်တစ်ခန်းအတွက်ငွေကျပ်တစ်သိန်းနှင့် မဟာရံတံတိုင်းတစ်ခန်းအတွက် ငွေကျပ်တစ်သိန်းဖြင့် ဦးဆောင်နာယကဆရာတော် ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိ(ရတနာဇေယျကျောင်း) ဖုန်း-၆၉၀၁၂၄ ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

အဆိုပါ နှစ်ထပ်သိမ်တော်ကြီးတွင် ကြွေပြားခင်းရန်အတွက် အလှူငွေကျပ် ငါးသိန်းကို ပန်းဘဲတန်းမြို့နယ် ၂၉ လမ်းနေ ဦးငင်ဟိုဘီ(ခ)ဦးတင်လှိုင်-ဒေါ်တေးပွေကြူ မိသားစုတို့က ဦးဆောင်နာယကဆရာတော် ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ ဒုဥက္ကဋ္ဌ ဦးဘချို့နှင့် ဦးအုံးမောင်တို့က လက်ခံရယူကြောင်း သိရသည်။**(အပေါ်ပုံ)** (က-ပ)

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ရန်ကင်း ပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ဒုတိယအကြိမ် မိဘဆရာတွေ့ဆုံပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်နွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ဘာသာရပ်သင်ဆရာမများ၊ မိဘကိုယ်စားလှယ်များက သင်ခန်းစာများ ပြန်လည်လေ့ကျင့်ကျက်မှတ်ရေး၊ စည်းကမ်းတကျဖြေဆိုရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြစဉ်။ (သတင်းစဉ်)

ဝါးခယ်မမြို့ ဓမ္မစေတီဖောင်ဒေးရှင်းအဖွဲ့က ဓမ္မစေတီရုပ်ပွားတော်မြတ်ကြီးနှင့် ဓမ္မစေတီ ကမ္ဘာ့အကြီးဆုံးကြေးစည်တော်ကြီး သွန်းလောင်းရန်အတွက် အလှူငွေကျပ် ၁၁ သိန်းနှင့် ကြေးပိဿာ ၁၂၀ ကို ဓမ္မစေတီဖောင်ဒေးရှင်း ဦးဆောင်ဆရာတော် မင်းကွန်းဓမ္မစေတီ ဘဒ္ဒန္တနာဂိန္ဒာ လက်ာရထံ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

ကြာနီကန်ဦးရေဝတ(ဝါးခယ်မ)တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်လိပ်ပြာကန် ကြာနီကန်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဓမ္မကထိက ကြာနီကန် ဦးရေဝတ(ဝါးခယ်မ)ဆရာတော်သည် ဖေဖော်ဝါရီ ၂၆၊ ၂၇၊ ၂၈ရက်ညများတွင် ပုသိမ်ကန်ကြီးဒေါင့်မြို့ ရွှေဘိုသန္တိသုခကျောင်း တရားမဏ္ဍပ်၊ မတ် ၁၊ ၂ ရက်ညများတွင် တောင်ငူမြို့ သုခမ္မာပရိယတ္တိစာမေးပွဲ သာသနာဗိမာန်၊ ၄၊ ၅၊ ၆ ရက်ညများတွင်မြောင်းကြီးကျေးရွာတရားမဏ္ဍပ် ကြံခင်းမြို့နယ်၊ ၇ ရက်ညတွင် ဥဿဖကျွန်းကျေးရွာတရားမဏ္ဍပ်၊ သနပ်ပင်မြို့နယ်၊ ၈ရက်ညတွင် ပီလခတ်ကျေးရွာရှင်ပြုပွဲတရားမဏ္ဍပ် ကျောက်တန်းမြို့နယ်၊ ၁၁၊ ၁၂၊ ၁၃ ရက်ညများတွင် ကြာကန်ကျေးရွာ တရားမဏ္ဍပ် တာဝတိံသာဘုရားပွဲ မြောင်းမြမြို့နယ်တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်များ ဟောကြားမည်ဖြစ်ရာ ဖုန်း-၀၁-၅၅၈၂၉၇၊ ၀၉-၅၀၃၃၅၈၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဦးကျော်ထွန်း(မြလမ်း)အား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ဟံသာဝတီ(၂၁)လမ်းနေ အစ်မကြီး ဒေါ်ချို၊ သား မောင်ချမ်းမြေ့နိုင်၊ သမီး မသဲဆုနိုင်၊ သား မောင်ဘုန်းဇော်နိုင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

လှိုင် အမက(၂) မူလွန်၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သာနုအေးက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပဟေဠိပြိုင်ပွဲ ပထမဆု၊ ဘာသာစုံပထမဆုနှင့် မြို့နယ်ထူးချွန် အင်္ဂလိပ်စာ ဘာသာရပ်ဆုများရရှိသော စတုတ္ထတန်းမှ မမှုန်းချစ်ကျော်မင်းအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

မင်္ဂလာဗျူဟာ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်တွင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို မတ် ၃ ရက်မှ ၂၇ ရက်အထိ တစ်ပတ်လျှင် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး သုံးရက် ဓမ္မဒါနပို့ချသွားမည်ဖြစ်ပြီး သင်တန်းချိန်မှာ နံနက် ၈ နာရီမှ ၁၀ နာရီအထိဖြစ်သည်။ အခြေခံ(၁)တွင် ၅ နှစ်မှ ၉ နှစ်၊ အခြေခံ(၂)တွင် ၁၀ နှစ်မှ ၁၅ နှစ်၊ အခြေခံ(၃)တွင် ၁၆ နှစ်အထက် တက်ရောက်နိုင်ပြီး သင်တန်းသားစာရင်းကို မတ် ၁ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂နာရီအထိ စာရင်းပေးသွင်းနိုင်သည်။ သင်တန်းသူ၊ သင်တန်းသားများသည် အင်္ကျီအဖြူ၊ လုံချည်၊ ထမီ(ယောဂီအညိုရောင်)ဝတ်ဆင်ရမည်ဖြစ်ပြီး အာဟာရအတွက် လှူဒါန်းလိုသူများနှင့် စုံစမ်းမေးမြန်းလိုပါက အသင်းချုပ် ဖုန်း-၃၇၀၉၅၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

၂၀၀၈ ခုနှစ် (၆၁)နှစ် မြောက် ပြည် ထောင် စု နေ့ အထိမ်း အ မှတ် အ ဖြစ် ရန် ကု န် တို င်း ဗဟန်း မြို့နယ်၌ ကျင်းပသည့် ကလေး များက ဗျာ ရွှတ် ဆို ပြိုင် ပွဲ နှင့် ကာ ယအလှ မောင်/မယ် ပြိုင်ပွဲတွင် ဗဟန်း အမက (၁၄)ပထမတန်းမှ မလင်းလက်ဝင်းပါဝင်ယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

ဆဋ္ဌမအကြိမ်မြောက် မြို့တော်ဝန်ဖလား

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေသည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၂ရက် ညနေ ၃နာရီက မန္တလေး ကန်တော်ကြီး မြို့တော်ခန်းမ၌ကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆုချီးမြှင့်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးစိန်ဝင်းက ပြပွဲပြိုင်ပွဲနှင့်ပတ်သက်၍ အမှတ်ပေးစနစ်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့တော်ဝန်က ဆဋ္ဌမအကြိမ်မြောက် မြို့တော်ဝန် ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲတွင် ပြသထားသော ဌာနဆိုင်ရာပြခန်းနှင့် အရောင်းဆိုင်ပြခန်းများကို ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ် သည်။

ထို့နောက် တိုင်းမှူး၏ ဇနီး၊ မြို့တော်ဝန်၏ဇနီးနှင့် တာဝန်ရှိသူ များက ပန်းအလှပြုပြင်ခြင်း၊ ပန်း အလှပင်၊ အရွက်အလှပင်၊ ရွက်လှ ပင်၊ ပြည်တွင်းသစ်ခွ၊ ပြည်ပသစ်ခွ (ကတ်တလီးယား) (စင်ဘီးဒီးယမ်း) (ဗင်ဒါ)၊ နှင်းဆီပင်အမျိုးမျိုး၊ ရှား စောင်းပင်၊ သက်ကြီးပုပင်၊ အသီးပါ အလှပင်၊ ဟင်းသီးဟင်းရွက်၊ ဟင်းသီးဟင်းရွက်အထုပ်၊ ဟင်းသီး ဟင်းရွက်ဥ၊ သစ်သီး၊ ဟင်းသီးအသီး အလုံးလိုက်၊ သစ်သီးဝလံအခိုင်လိုက် နှင့် ဟင်းသီးအသီးအနှံ အတွဲလိုက် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို ဆုများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးက ဆဋ္ဌမ အကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲတွင် တံခွန်စိုက် ဆုရ (၈)မိုင် သစ်ခွခြံမှ ဦးကျော် ဝင်းနိုင်အား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ကာ ဆုရ သစ်သီးဝလံ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်များကို ကြည့်ရှုအားပေး သည်။

အဆိုပါပြပွဲကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၂၆ရက်အထိ ပြသသွားမည် ဖြစ်ပြီး ပြပွဲသို့ လာရောက်ကြည့်ရှု ကြသော ပရိသတ်များကို မန္တလေး မြို့မှ ခေတ်ပေါ်တေးဂီတအဖွဲ့များဖြင့် ဧည့်ခံ ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့ ဆဋ္ဌမအကြိမ် မြို့တော်ဝန်ဖလား သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မျှော်စင်ကျွန်းမှ စိန်ခေါ်သံပွဲ လုံးချောနှင့်ရှမ်းလေးသွေး နှဲ့ အရှုံးအနိုင်မပေါ် အလဲအကွဲ သရေပွဲဖြင့် ပွဲသိမ်း

သတင်းနှင့်ဓာတ်ပုံ – စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်မှ ကြီးမှူးပြီး T&T Group က တာဝန်ယူကာ Myanmar Distribution Group Co.,Ltd. (ကယ်လ်ဆမ်ကွေကာ)မှ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် "ကယ်လ်ဆမ်" မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၇) မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ယနေ့ညနေ ၆နာရီက ကန်တော်ကြီးဥယျာဉ်ကမ္ဘာရှိ မျှော်စင်ကျွန်းတွင်ကျင်းပရာ ပရိသတ်များ အားပေးမှုအထူးများပြားခဲ့ပြီး ထပ်ဆင့် မြန်မာပြည်ရွှေခါးပတ် ချန်ပီယံလုံးချော(K.L.N)နှင့် စိန်ခေါ်သူ နယ်စပ်လက်ဝှေ့ကျော် ရှမ်းလေးသွေး(မြဝတီ)တို့ အရှုံးအနိုင်မပေါ်ဘဲ အလဲအကွဲ သရေပွဲဖြင့် အဆုံးသတ်သွားသည်။

အထူး(၅)ချီ စိန်ခေါ်ပွဲပထမပွဲစဉ်တွင် ဂျိုးမဟေ(သူရဲကောင်း)က သောကြာထွန်း (မထိလာ)ကို အနိုင် ရရှိသည်။ စောသုံးလုံး(မထိ လာ)နှင့် ဒေါန(ရွှေလက်ရာ)တို့ ပွဲတွင် ဒေါနက တတိယအချီတွင် လည်းကောင်း၊ ထွန်းထွန်းဝင်း (ဒေါင်းမြန်မာ)နှင့် စောသားငယ် (မထိလာ)တို့ပွဲတွင် ထွန်းထွန်းဝင်း က ပထမအချီတွင်လည်းကောင်း အလဲထိုးဖြင့် အနိုင်ရရှိကြသည်။ ရှုမဝ(ဒေါင်းမြန်မာ)နှင့် စောဇော်မင်း (ရွှေလက်ရာ)တို့ပွဲ မှာ သူတင်ကိုယ် တင်ရှိခဲ့ပြီး ရှုမဝက တတိယအချီ ၁မိနစ် စက္ကန့် ၂၀ တွင် အလဲထိုးဖြင့် အနိုင်ရရှိသည်။

စောနေအောင် (ရွှေလက်ရာ)နှင့် ရာဟု(မထိလာ)တို့ပွဲမှာ နှစ်ဦးစလုံး အဝင်ကြမ်းကြမ်းဖြင့် မညှာစတမ်း ယှဉ်ပြိုင်ကြ၍ ပရိသတ်များအကြိုက် တွေ့ခဲ့ကြသည်။ စောနေအောင်က ရာဟုကို ချုပ်သည်၊ ကိုင်ပေါက်ဖို့ ကြိုးစားသည်။ စောနေအောင်က တွဲလုံး လက်သီးများဖြင့် ပစ်သွင်း သလို ရာဟုကလည်း ဖြောင့်လက်သီး ဖြင့် ရင်ဆိုင်သည်။ စောနေအောင် ၏ ချုပ်၊ ကိုင်ပေါက်ချက်များ၊ လက်သီးချက်များ ခံရမှုကြောင့် ရာဟု တတိယအချီ အပြီးတွင် ဆက်လက် မထိုးသတ်နိုင်တော့ဘဲ အရှုံးပေးလိုက်ရသည်။ စောသဲနှင်း (K.L.N)နှင့် မိုက်သဲလေး(ဒေါင်း မြန်မာ)တို့ပွဲတွင် စောသဲနှင်းက ဒုတိယအချီ ၂မိနစ် ၂၃စက္ကန့်တွင် ဒူးတိုက်ချက်ဖြင့် ပွဲသိမ်းလိုက်သည်။ စောသဲနှင်းက အတင်းဝင်ထိုးသော် လည်း မိုက်သဲလေးက ချက်ကောင်း စောင့်ပြီး ထောက်လက်သီးဖြင့် ရင်ဆိုင်သည်။ နှစ်ဦးစလုံး အထိနာ ကြပြီး စောသဲနှင်းက ဒုတိယအချီ တွင် အလဲထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

သိန်းဇံ(ရက္ခဗျာလ)နှင့် အောင် သူရ(ဒေါင်းမြန်မာ)တို့ ပွဲမှာလည်း ပရိသတ်လက်ခုပ်သြဘာမစဲ ဖြစ်ခဲ့ ရသောပွဲတစ်ပွဲဖြစ်သည်။ သိန်းဇံ၏ အတင်းလိုက်ဖိထိုးမှုကြောင့် အောင် သူရ ထိုးကွက်ပင် ပျောက်သွားရ သည်။ သိန်းဇံက ခုန်ပြီးဒူးဖြင့် အကြိမ်ကြိမ် လိုက်တိုက်သလို အောင် သူရကလည်း ခေါင်းဖြင့် ပြန်တိုက် သည်။ ပထမအချီ ၂မိနစ်၅၆စက္ကန့် တွင် သိန်းဇံ၏ ဒူးတိုက်ချက် အောင်သူရမျက်နှာကို ထိသွားပြီး အောင်သူရ အနာတောင်းရသည်။ ဒုတိယအချီ ၁မိနစ် ၅၂စက္ကန့်တွင် သိန်းဇံက ၎င်းအားသန်သည့် ဒူး တိုက်ချက်ဖြင့် ပွဲသိမ်းလိုက်သည်။

အသည်းချင်းပြိုင်၊ သတ္တိချင်း ရင်ဆိုင်ခဲ့ကြသော ဖွဲသတ္တိ (သူရဲ ကောင်း)နှင့် ကျော်ခေါက်(ဒေါင်း မြန်မာ)တို့ပွဲမှာလည်း ဘတစ်ပြန်၊ ကျားတစ်ပြန် ရှိလှသည်။ အထိုး၊ အတိုက်၊အကန်များကြောင့် နှစ်ဦး စလုံး အထိနာခဲ့ကြသည်။ ဒုတိယ အချီ ၁မိနစ်၁၂စက္ကန့်တွင် ကျော် ခေါက်လဲအကျ၌ ဖွဲသတ္တိ၏ ခြေကန် ချက် မျက်နှာကို ထိသွား၍ ဖွဲသတ္တိ အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ယနေ့စိန်ခေါ်ပွဲ၏ နောက်ဆုံး ပွဲစဉ်အဖြစ် ထပ်ဆင့်မြန်မာပြည် ချန်ပီယံ လုံးချော(K.L.N)နှင့် စိန် ခေါ်သူ နယ်စပ်လက်ဝှေ့ကျော် ရှမ်း လေးသွေး(မြဝတီမင်း)တို့ ရင်ဆိုင် ထိုးသတ်ကြသည်။ ရန်ကုန်လက်ဝှေ့ လောကသို့ တကျော့ပြန် ပြန်လည် ခြေချလာသည့် ရှမ်းလေးသွေးနှင့် ရွှေခါးပတ်ဆုကို နှစ်ကြိမ်ဆက်တိုက် ဆွတ်ခူးထားသူ လုံးချောတို့ တွေ့ဆုံ သောပွဲကို ကြည့်ရှုလိုသောကြောင့် ပရိသတ်များ မျှော်စင်ကျွန်း ပြည့်လု နီးပါး ဖြစ်သွားရသည်။

လက်ဝှေ့ကျော် နှစ်ဦးဖြစ်သည့် လုံးချောနှင့် ရှမ်းလေးသွေးကို ပရိသတ်များက ကြိုးဝိုင်းထဲ မဝင်ခင် ကတည်းကပင် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ပထမ အချီအစတွင် နှစ်ဦးစလုံး အတင်း ဝင်မထိုးဘဲ အကဲစမ်းနေကြသည်။ လုံးချောက ခြေကန်ချက်ဖြင့် စတင် ရာ ရှမ်းလေးသွေးက ပြန်ပြီး အတင်းလိုက်ဖိထိုးသည်။ ရှမ်းလေး သွေးက လက်သီးကိုသာ အားကိုးပြီး ထိုးသည်။ လုံးချောမှာမူ တံတောင် ရိုက်ချက်များဖြင့် ရှမ်းလေးသွေးကို ရင်ဆိုင်ရာ ရှမ်းလေးသွေး ဘယ် မျက်ခုံးပင် ကွဲသွားရသည်။

ဒုတိယအချီတွင် ရှမ်းလေးသွေးက သမ္မာဖြင့်ထိန်းထိုးသွားပြီး လုံးချော ကမူ ငယ်ဂုဏ်ရှိသူပီပီ အတင်းလိုက် ထိုးသည်။ ဒူးများဆင့်တိုက်ပြီး ခြေ ကန်ချက်များဖြင့် ပွဲသိမ်းရန် ကြိုးစား သည်။ တတိယအချီတွင် လုံးချောက ပူးပြီး ဒူးဖြင့်တိုက်သည်။လက်သီးဖြင့် ထိုးသည်။ အလစ်အငိုက်စောင့်ထိုး နေသော ရှမ်းလေးသွေးက ၁မိနစ် ၂၈စက္ကန့်တွင် ညာလက်သီးတစ်လုံး ပစ်သွင်းလိုက်ရာ လုံးချောအနား တောင်းယူသည်အထိ ဖြစ်ခဲ့ရသည်။

ပွဲကြေညာသူ၏ အားမာန်ပါ သောအပြော၊ ဆိုင်းဆရာ၏ မြူးကြွ သော ဆိုင်းချက်သံများကြောင့် ပရိသတ်များ၏ အားပေးမှုမှာ ပိုမို သွက်လက်လာကာ ပွဲမှာ ပိုမိုမြိုင်ဆိုင် လာခဲ့သည်။ စတုတ္ထအချီတွင်လည်း လုံးချောက ခြေကန်ချက်ဖြင့် ရင်ဆိုင် သည်။ နောက်ပြန်ကန်ချက်များ၊ တံတောင်ရိုက်ချက်များမထိ၍ ရှမ်း လေးသွေး သက်သာခဲ့ရသည်။ သို့ သော် တွဲလုံးလက်သီးများ ဆက် တိုက်ထိမှန်မှုကြောင့် ရှမ်းလေးသွေး သွေးဖြိုင်ဖြိုင်ကျသည်အထိ ဖြစ်ခဲ့ရ သည်။ အသည်းမာသည့် ရွှေခါးပတ် ချန်ပီယံဟောင်း ရှမ်းလေးသွေးက နည်းနည်းမှမဖြုံဘဲ ဆက်လက်ရင်ဆိုင် ယှဉ်ပြိုင်ရာ ပရိသတ်များ၏ အားပေး မှုကို ရရှိခဲ့သည်။ ပဉ္စမအချီတွင် လုံးချောက ပွဲသိမ်းနိုင်ရန် အတင်း လိုက်ဖိထိုးသော်လည်း ရှမ်းလေး သွေးက မျက်နှာများ ဖူးရောင်နေ သည့်ကြားမှပင် သရေရအောင် ထိုးသတ်သွားနိုင်ခဲ့သည်။ (ကြေးမုံ)

လုံးချော(K.L.N) ၏ ဘယ်ခြေကန်ချက် ရှမ်းလေးသွေး (မြဝတီ)၏ ဝမ်းဗိုက်ကို ထိမှန်သွားစဉ်။ (ကြေးမုံ)

နိုးဘုရားကြီး ရွှေသင်္ကန်း ကပ်လှူပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပုသိမ်မြို့ မဟာဝိသုဒ္ဓါရာမ မောင်းထောင်ကျောင်း ပရိယတ္တိ စာသင်တိုက်ကြီး၌ ကိန်းဝပ်စံပယ် လျက်ရှိသော အောင်မြေအေးချမ်း ပြည့်ဝချမ်းသာ နိုးဘုရားကြီးအား (၁၃၆၈ခုနှစ် တပေါင်းလဆန်း ၁ရက်) မတ် ၇ ရက်(သောကြာနေ့)မှစ၍ ရွှေသင်္ကန်း ကပ်လှူပူဇော်မည်ဖြစ်ပါ ၍ ရပ်ဝေးရပ်နီးမှ သူတော်စင်များ လာရောက်ကြည်ညို သာသနာပြု လှူဒါန်းပူဇော်ကြပါရန်နှင့် ပဓာန နာယက ဆရာတော် ဖုန်း–၀၉–၅၂–၀၀၂၉၇၊ တိုက်ကြပ်ဆရာတော် ဖုန်း–၀၉–၅၂–၀၁၈၈၂၊ ဦးစိုင်း (ဥက္ကဋ္ဌ) ဖုန်း–၀၉–၅၂–၀၁၃၃၂၊ ဦးတင်ရွှေ(အတွင်းရေးမှူး) ဖုန်း– ၀၉–၅၂–၀၁၁၃၀ နှင့် ဦးစိုးဝင်း (ဘဏ္ဍာရေးမှူး) ဖုန်း–၀၉–၅၂– ၀၁၂၈၆ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ (က–ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၉) အခြေခံပညာ မူလတန်း လွန်ကျောင်း၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၇ရက်က ကျင်းပရာ ပထမတန်းမှ ထူးချွန်ပထမဆုရ မဖူးပွင့်ကျော်အား ကျောင်းအုပ်ဆရာကြီး ဦးလှိုင်ကြွယ် ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

✻ ကျောဖုံးမှ

တစ်နှစ်လိုအပ်သည့် ကြံတန်ချိန်မှာ ၃၀၀၀၀၀ ဖြစ်ပြီး ကြံစိုက် ဧက ၁၂၀၀၀ လိုအပ်လျက်ရှိရာ ဧက ၁၀၀၀၀ ဖော်ထုတ်စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နောင်ချိုမြို့နယ် ဂုတ်တွင်းရှိ အောင်မြင်ဖြစ်ထွန်းနေသည့် တောင်သူ ဦးဝင်းဦး၏ ဆီမုန်လာ၊ ဆီမုန်ညင်း နှစ်ဧက စိုက်ခင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

နောင်ချိုမြို့နယ်တွင် ဆီမုန်လာ၊ ဆီမုန်ညင်းအား ကြားသီးနှံအဖြစ် စိုက်ပျိုးထားရှိပြီး တစ်မြို့နယ်လုံးတွင် စိုက်ပျိုးဧက ၁၇၂၀ ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကျောက်မဲ အရှေးဝေါလ် Toll Gate ရိပ်သာသို့ ရောက်ရှိရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အမှတ်(၂) တည်ဆောက်ရေး ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်းက မြောင်ချို ရေအားလျှပ်စစ် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ပြီးစီးပါက မဂ္ဂါဝပ် ၂၃၀ ထွက်ရှိမည် ဖြစ်သည့်အပြင် ရဲရွာရေအားလျှပ်စစ် စီမံကိန်းအတွက် အထောက်အကူ ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကျောက်မဲခရိုင် သီပေါမြို့နယ် ကြံခင်း(ရေပူ)၌ တပ်နယ်များမှ နွှေစပါး စိုက်ပျိုးထားရှိမှုနှင့် ကောက်စိုက်သမများ၏ နွှေစပါးစိုက်ပျိုးပွဲကို ကြည့်ရှုအားပေးပြီး ကောက်စိုက်သမများအား အမှတ်တရလက်ဆောင် ပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် သီပေါအရှေးဝေါလ် Toll Gateသို့ ရောက်ရှိရာ တိုင်းမှူးက ဒုဋ္ဌဝတီမြစ်ကူး သီပေါတံတား၏ ကြံ့ခိုင်မှု အခြေအနေမှာ အားနည်းနေသောကြောင့် ၁၅ တန်နှင့်အထက် သယ်ဆောင်လာသော ကုန်တင်ကားကြီးများ၏ ကုန်ပစ္စည်းများ သယ်ယူ ရွှေ့ပြောင်းမှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မြစ်ကူးတံတားကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးက အသစ်တည်ဆောက်နေသည့် ဒုဋ္ဌဝတီမြစ်ကူး သံကူကွန်ကရစ်တံတား မပြီးခင်အချိန်အတွင်း ကုန်စည်ကူးသန်းရောင်းဝယ်မှု လွယ်ကူချောမွေ့စေရန်အတွက် ကြံ့ခိုင်မှုအားနည်းနေသည့် သီပေါတံတား တံတားအမှတ် (၄/၁၃၁)ကို ကွန်ကရစ်တိုင်များ၊ သံမဏိဆိုင်းကြိုးများဖြင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲ ကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တား နှောင့်ယှက်သော ပြည်တွင်း၊ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် အရာရှိ၊အရာခံများ စစ်သည်တော်ကျင့်ဝတ် ရေးဖြေ ဖြေဆိုနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယမန်နေ့ နံနက် ၈နာရီတွင် နေပြည်တော် ပျဉ်းမနားရှိ နယ်မြေခံတပ်ရင်း တိုင်းအောင်ခန်းမ၌ ကျင်းပသော ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးသည် အရာရှိ၊အရာခံများ စစ်သည်တော်ကျင့်ဝတ် ရေးဖြေ ဖြေဆိုနေမှုနှင့် အကြပ်စစ်သည်များ စစ်သည်တော်ကျင့်ဝတ် နှုတ်ဖြေ ဖြေဆိုနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန (စခန်းမှူးရုံး)မှ အရာရှိသုံးဦး၊ စစ်သည် ၁၂ဦးနှင့် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ ၁၂ဦး၊ စစ်သည် ၃၃ဦး စုစုပေါင်း အရာရှိ၊ စစ်သည် ၆၀ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပတ်ဝန်းကျင်ကို အထောက်အကူပြုစေမည့် လက်ဆွဲအိတ်များ Orange Supermarket များတွင် စတင်အသုံးပြု

ရန်ကုန် ဖေဖော်ဝါရီ ၂၂

"Go Green With Orange" ရည်ရွယ်ချက်ဖြင့် Orange Supermarket များတွင် ပတ်ဝန်းကျင်ကို အထောက်အကူပြုစေမည့် ဈေးဝယ်အိတ်များကို စတင်အသုံးပြုနိုင်ရန် လုပ်ဆောင်လျက်ရှိသည်။ Orange Supermarket များ၌ ဈေးဝယ်ရာတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေနိုင်သည့် ပလတ်စတစ်အိတ် (ကျွတ်ကျွတ်အိတ်)များအစား ပတ်ဝန်းကျင်ကို အထောက်အကူပြုစေမည့် ပြန်လည်အသုံးပြုနိုင်သည့် Go Green ဈေးဝယ်အိတ်များကို အသုံးပြုခြင်းဖြင့် ပလတ်စတစ်အိတ် (ကျွတ်ကျွတ်အိတ်) အသုံးပြုခြင်းကို လျှော့ချနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ၎င်း Go Green အိတ်များသည် ရေစိုခံနိုင်ခြင်းကြောင့် ရေလျှော်ပြီး ကြာရှည်စွာပြန်လည်အသုံးပြုနိုင်သည်။ Orange Supermarket ဆိုင်များကို ရန်ကုန်မြို့ လသာမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၁၉လမ်း ထောင့်တွင်လည်းကောင်း၊ သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ ဝေဇယန္တာ ရှော့ပင်းမောတွင်လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် သုခမ္မာလမ်းတွင် လည်းကောင်း၊ မန္တလေးမြို့ လမ်း ၈၀ (၂၈လမ်းနှင့် ၂၉လမ်းကြား)တွင် လည်းကောင်း၊ ၇၈လမ်း (၃၃လမ်းနှင့် ၃၄လမ်းကြား) Skywalk ရှော့ပင်းမောတွင် လည်းကောင်း ဖွင့်လှစ်ထားရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

Go Green ဈေးဝယ်အိတ်များ အသုံးပြုလျက်ရှိသည့် သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်း ဝေဇယန္တာရှော့ပင်းမောရှိ Orange Super-market ကို တွေ့ရစဉ်။ (သတင်းစဉ်)

သန်လျင် ထန်းနှစ်ပင်အမက မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

သန်လျင်မြို့ မြို့မတောင်ရပ်ကွက် ထန်းနှစ်ပင် အခြေခံပညာမူလတန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် သက်ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ယင်းကျောင်းခန်းမတွင် ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်း ဖုန်း-၀၉၅၀ ၁၄၈၀၆၊ ၀၅၆-၂၂၀၄၃၊ ဒေါ်ဝင်းသန္တာဦး ဖုန်း-၀၉၅၀-၀၉၃၁၀၊ ဦးမောင်မောင်ဆွေ (ဘဏ္ဍာရေးမှူး) ဖုန်း-၀၅၆-၂၁၄၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အထက(၆) ဗိုလ်တထောင် (စိန့်ပေါလ်) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ဗိုလ်တထောင် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း (ယခင် စိန့်ပေါလ်ကျောင်း)၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂ရက် (တောင်သူလယ်သမားနေ့)တွင် ကျောင်း၌ ကျင်းပမည်ဖြစ်ရာ (၁၉၆၅မှ၁၉၈၀ ထိ) ဆရာ၊ ဆရာမများအားလုံးနှင့် (၁၉၈၁မှ၂၀၀၇ခုနှစ်အထိ) သက်ပြည့် အငြိမ်းစား ဆရာ၊ ဆရာမများ၊ ကျောင်းသားဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူများသည် ဦးကျော်ဦးမြင့် ဖုန်း-၅၃၃၈၉၃၊ ၅၁၄၃၀၈၊ ဦးမြင့်ထွန်း ဖုန်း-၂၄၉၃၅၉၊ ဦးဝင်းလှိုင်ညွန့် ဖုန်း-၂၄၆၃၁၃၊ ဦးမြတ်လွင်ဦး ဖုန်း-၃၇၃၄၆၉၊ ဦးသက်ချိုဦး ဖုန်း-၂၄၆၄၇၀၊ ဦးရန်နောင်စိုး ဖုန်း-၂၀၁၇၆၂၊ ဦးခင်မောင်သန်း ဖုန်း-၂၅၄၇၅၀ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (က-ပ)

မြန်မာ Amateur Open Golf Championship 2008 ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာ Amateur Open Golf Championship 2008 ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၄ရက်မှ ၇ရက်အထိ ရန်ကုန်ဂေါက်ကလပ် တညင်းကုန်း၌ ကျင်းပမည်ဖြစ်ရာ အမျိုးသား အပျော်တမ်းအဆင့် (အကျောပေး ၀မှ ၁၂)အဆင့်အထိရှိသူများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော အမျိုးသား အပျော်တမ်းအဆင့် ဂေါက်သီးရိုက်အားကစားသမားများသည် မတ် ၂ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ ဖုန်း-၆၅၁၃၇၄၊ ၀၉-၉၈၇၂၅၅၄နှင့် ၆၃၅၅၆၃တို့သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အာစရိယပူဇော်

အလက(၁)မြောက်ဥက္ကလာပ (ယခင်ပွင့်ကောင်းကျောင်း)တွင် ပညာ သင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများက (၁၉၆၀မှ ၂၀၀၇) အထိ တာဝန်ထမ်းဆောင် ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ဒုတိယအကြိမ် မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပစဉ်။ (က-ပ)

ညောင်ကန်အရှင်ကုန္ဒက (မန္တလေး)၏ ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ညောင်ကန်တိုက် ဓမ္မမာမကကျောင်း ဆရာတော် ညောင်ကန်အရှင်ကုန္ဒက(ဓမ္မကထိက ဗဟုဇနဟိတဓရ) မလွန်ဈေးဆန်လှူအသင်းကြီး၏ ဓမ္မကထိကသည် ဖေဖော်ဝါရီ ၂၀ရက်တွင် တောင်ဥက္ကလာပ (၉)ရပ်ကွက် မလွန်ဆန်လှူအသင်း ရေစက်ချဓမ္မသဘင်၌ ဟောကြားခဲ့ပြီး ဖေဖော်ဝါရီ ၂၄၊ ၂၅ရက်တွင် သာကေတ (၅)ရပ်ကွက် မလွန်ဆန်လှူအသင်း ရေစက်ချဓမ္မသဘင်၊ ၂၈ရက်တွင် စစ်ကိုင်းမြို့နယ် စံသစ်ရွာ အလှူအကြိုဓမ္မသဘင်၊ ၂၉ရက်တွင် မန္တလေးမြို့ အောင်မြင့်မြတ် နိဗ္ဗာန်ကုန်ရောင်းဝယ်ရေး မိသားစု၏ ထီးတော်တင်အလှူ ဓမ္မသဘင်၊ မတ် ၁ရက်၌ အောင်မြင့်မြတ် နိဗ္ဗာန်ကုန်ရောင်းဝယ်ရေး မိသားစု၏ အလှူတော် မင်္ဂလာ အောင်ပွဲ ဓမ္မသဘင်၊ မတ် ၅၊ ၆ရက်တွင် မလှိုင်မြို့နယ် မင်းရွာဓမ္မသဘင်၊ မတ် ၁၉ရက်တွင် မန္တလေး ပြည်ကြီးတံခွန်မြို့နယ် (ဟ-၁၆)ရပ်ကွက် လိုတရဓမ္မာရုံ၌ အလှူ့ဒါယကာ ဦးခင်စိုး၊ အလှူ့ဒါယိကာမ ဒေါ်ခင်ဆင့်တို့၏ အလှူတော်မင်္ဂလာအကြို ဓမ္မသဘင်၊ မတ် ၂၂ရက်တွင် တာချီလိတ်မြို့ ဦးသိန်းဝင်း-ဒေါ်စန်းဌေးတို့၏ အလှူတော်မင်္ဂလာ၊ မတ် ၂၃ရက်တွင် တောင်ဥက္ကလာပ (၁၅) မလွန်ဆန်လှူ ရေစက်ချဓမ္မသဘင်၊ မတ် ၂၉ရက်မှ ၃၁ရက်အထိ ညများတွင် ထန်းတပင် မလွန်ဆန်လှူ ရေစက်ချဓမ္မသဘင်၊ ဧပြီ ၃ရက်တွင် ရန်ကုန်တိုင်း လှိုင် (၁၆)ရပ်ကွက် မလွန်ဆန်လှူရေစက်ချဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၂-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပာတသန္တိ ပါဠိတော်**

၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၆။ အတီးပြိုင်ပွဲ

၈:၀၀ ၇။ တေးဂီတအစီအစဉ်

၈:၂၅ ၈။ စွန်ချောင်းရေလှောင်တမံ

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Grammar Made Easy.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၅ ၂။ တေးဂီတအစီအစဉ်

၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၁:၅၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်

၁၂:၃၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စစ်သူကြီးဆွန်ကြီး" (အပိုင်း-၁၀)**

၁:၁၀ ၆။ **"အဖြူရောင်မေတ္တာ" (မင်းမော်ကွန်း၊ရီဝေယံ၊ ဆုပိုပိုအောင်) (ဒါရိုက်တာ-အောင်မြင့်မြတ်)**

၂:၂၀ ၇။ အာဆီယံလက်မှုအနုပညာပစ္စည်းပြပွဲနှင့် ၂၀၀၇ခုနှစ် အာဆီယံလူငယ်တံဆိပ်ခေါင်းပြိုင်ပွဲ

၂:၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၂:၄၅ ၉။ International News.

၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)

၄:၄၅ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက

၄:၅၅ ၅။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့

၅:၁၀ ၆။ ချစ်စရာ့အရွယ်ကစားကြမယ်

၅:၃၅ ၇။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်

၆:၀၀ ၈။ ညနေခင်းသတင်း

၆:၃၀ ၉။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၀။ အလှရှာမယ်၊ လှကမ္ဘာဝယ်

၇:၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့အားမာန်" (အပိုင်း-၁၅)**

၈:၀၀ ၁၂။ ပြည်တွင်းသတင်း

၁၃။ နိုင်ငံတကာသတင်းများ

၁၄။ မိုးလေဝသအခြေအနေ

၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာထောင်ချောက်" (အပိုင်း-၃)**

၁၆။ နောက်တစ်နေ့အစီအစဉ်

၁၇။ အစီအစဉ်ပြီး၏။

ကမ္ဘာ့ ဒုတိယ ပဲအများဆုံး တင်ပို့လျက်ရှိရုံမက တန်ဖိုးမြှင့်ပဲများ တင်ပို့နိုင်ရန်ပါ ဆက်လက်ကြိုးပမ်းလျက်ရှိ

သတင်းဆောင်းပါး – မောင်မောင်ထွေး(သတင်းစဉ်)

ရန်ကုန်မြို့၏ ဟေမန္တ ဆောင်းလရာသီက ယခင်နှစ်များနှင့်မတူ တစ်မူအေးမြလှသည်။ ဤလရာသီ ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူးလများသည် ကောက်ပဲသီးနှံပေါ်ချိန်ဖြစ်သည်။

ပြည်မြန်မာ၏ စားသောက်ဖွယ်ရာ ထွက်ကုန်များ ပေါကြွယ်ဝမှုနှင့်စပ်လျဉ်း၍ စာရေး ဆရာကြီးသော်တာဆွေက–

> **“ သူ့ရာသီအခါသက်ပြီမို့**
> **နှုရာသည် တမာခံတက်တွေနဲ့**
> **မန်ကျည်းရွက်ရယ်တဲ့ ရာသီစာ**
> **မရန်းကလည်း ကင်းပြီကောဗျ**
> **ဝမ်းတစ်ဝခံတွင်း ထမင်းမြိန်စရာပေါ့**
> **ချိန်အခါရာသီက ကျွေးခိုက်မှာ**
> **လွေးလိုက်ကြပါ။**
> **ပြီးတစ်ဖန် အလျှံပယ်လာလိမ့်ဦးမယ်ဗျ**
> **အသီးအနှံအသွယ်သွယ်**
> **ဥအမယ်မယ်တွေကလည်း မဆုံးပါဘူး**
> **သုံးလေးလ ဤရာသီမှာ**
> **ပြည်မြန်မာ၏ ထွက်ကုန်ပေါ။**
> **စားစရာတွေ**
> **များလှဖြာဖြာဝေလို့**
> **ကမ္ဘာမြေမှာ ရှားမှရှားပေလိမ့်**
> **ကြွား၍မပြော။”**

ဟူ၍ “ရာသီစာ” ခေါင်းစဉ်ဖြင့် ရေးဖွဲ့သီကုံးခဲ့ပေသည်။

မှန်ပါသည်။ ပြည်မြန်မာသည် ရှေးဘိုးဘွားဘီဘင်တို့ လက်ထက်များဆီကပင် စိုက်ပျိုးရေးအတွက် ရေခံမြေခံကောင်းလှသည်။ ယခု မျက်မှောက်ခေတ်တွင်မူ မိရိုးဖလာစိုက်ပျိုးမှုမှသည် သိပ္ပံနည်းကျ စိုက်ပျိုးမှုစနစ်သို့ ကူးပြောင်းလာခဲ့ချေပြီ။ ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ သိပ္ပံနည်းကျ စိုက်ပျိုးရေးခြံကြီးများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထူးဇုန်ကြီးများပင် ပေါ်ထွက်လာကာ ပိုလျှံသည်များကို ပြည်ပသို့ပင် တင်ပို့ရောင်းချနိုင်သည်အထိ ဖွံ့ဖြိုးတိုးတက်လာပေသည်။

အထူးသဖြင့် ကမ္ဘာ့ပဲမျိုးစုံ တင်ပို့ရောင်းချရာတွင် မြန်မာနိုင်ငံသည် ယခင်က ကနေဒါနှင့် ဩစတြေးလျနိုင်ငံတို့၏နောက်တွင်တတိယနေရာ၌ရှိခဲ့သော်လည်း ၂၀၀၀–၂၀၀၁ ခုနှစ်တွင် တန်ချိန် ၈ ဒသမ ၃ သိန်းကျော် တင်ပို့နိုင်ခဲ့၍ ဩစတြေးလျကို ကျော်တက်နိုင်ခဲ့ကာ ကမ္ဘာပေါ်တွင် ဒုတိယ ပဲအများ ဆုံးတင်ပို့နိုင်သည့်နိုင်ငံဖြစ်လာခဲ့သည်။ ယခုအချိန် အထိလည်း အဆိုပါစံချိန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်း၊ သုံးခွမြို့နယ်များတွင် အောင်မြင်ဖြစ်ထွန်းနေသည့် ပဲတီစိမ်းစိုက်ခင်းများကို ရှုမောမဆုံး တွေ့မြင်ရစဉ်။

(ဓာတ်ပုံ–ဌေးအောင်–ကြေးမုံ)

မြန်မာနိုင်ငံ၏ ပဲတင်ပို့မှု အခြေအနေနှင့် စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က “၁၉၈၈–၈၉ ခုနှစ်က ပဲမျိုးစုံဧကေ ၁ဒသမ ၈သိန်းကျော် စိုက်ပျိုးခဲ့ပြီး တန်ချိန် ၂ဒသမ ၅သိန်းထွက်ရှိကာ ပြည်ပသို့ ပဲမျိုးစုံ တန်ချိန်၁၇၀၀၀ တင်ပို့နိုင်ခဲ့ကြောင်း၊ ယခု ပြီးခဲ့သည့် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ဧကပေါင်း ကိုးသန်းကျော် စိုက်ပျိုးပြီး ပဲမျိုးစုံ တန်ချိန် သိန်း ၄၀ ကျော် ထွက်ရှိကာ ပြည်ပသို့ တန်ချိန် ၁၁ ဒသမ ၅၆ သိန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း။

ပြည်ပသို့ တင်ပို့နိုင်သည့် ပဲမျိုးစုံတို့အနက် မတ်ပဲတန်ချိန် ၄ ဒသမ ၈၇ သိန်း၊ ပဲစင်းငုံ တန်ချိန် ၂ ဒသမ ၆၆ သိန်း၊ ပဲတီစိမ်းတန်ချိန် ၂ ဒသမ ၄၈ သိန်း၊ ကုလားပဲဖြူလုံးကြီး တန်ချိန် ၀ ဒသမ ၅၈ သိန်းနှင့် အခြားပဲတန်ချိန် ၀ ဒသမ ၉၄ သိန်းတို့ ဖြစ်ကြောင်း။

“ကမ္ဘာပေါ်တွင် ပဲမျိုးစုံ အများဆုံးတင်ပို့နေသည့် ကနေဒါနိုင်ငံက လာမည့်သုံးနှစ်အတွင်း ပဲစိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ခြင်း မပြုတော့ဘဲ ထပ်ဆင့်တန်ဖိုးမြှင့် (Value Added) လုပ်ပြီး ဝင်ငွေနှစ်ဆတိုးအောင် စီစဉ်နေကြောင်းကို သိရကြောင်း။”

“ထို့ကြောင့် မိမိတို့ အနေဖြင့် ပဲမျိုးစုံကို စိုက်ဧကတိုးချဲ့စိုက်ပျိုးခြင်းနှင့် အထွက်တိုးအောင် ကြိုးပမ်းခြင်းတို့သာမက တန်ဖိုးမြှင့်ပဲများ တင်ပို့နိုင်အောင် ဆက်လက်ကြိုးပမ်းကြရမှာဖြစ်ကြောင်း။”

“ယခုအချိန်အထိ တန်ဖိုးမြှင့်ပဲအနေဖြင့် အခွံချွတ်ပဲ၊ ပဲခြမ်းနှင့်ပဲမှုန့်တို့ကို စမ်းသပ်ထုတ်လုပ်ရောင်းချရာတွင် ၂၀၀၄–၂၀၀၅ ခုနှစ်က တန်ချိန် ၁၅၀၀၀ ခန့် ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်း။”

“တန်ဖိုးမြှင့်ပဲများအပြင် ပဲအထုပ်၊ စည်သွတ်ပဲ၊ ပဲယို၊ ပဲကြော်ဆံ၊ ပဲကြော်၊ ပဲငံပြာရည်၊ ပဲနို့ရည်၊ ပဲပင်ပေါက်၊ ပဲပြားစသည့် အခြားသောတန်ဖိုးမြှင့်ပဲအမျိုးမျိုးတို့ကို အသင့်စားသုံးနိုင်သည့်အဆင့်ရောက်အောင် စီစဉ်ထုတ်လုပ်ပြီး ပို့ကုန်အမယ်သစ်များအဖြစ် ရောင်းချတင်ပို့နိုင်ရန် ဆက်လက်ကြိုးပမ်းကြရန် တိုက်တွန်းလိုကြောင်း။”

တစ်ဆက်တည်းမှာပင် ကုန်သည်များအနေဖြင့် မိမိတို့၏ လုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရှိကြောင်း၊ သို့သော် ဈေးကစားခြင်းမျိုး မလုပ်ဖို့တော့ လိုအပ်ကြောင်း။ တစ်ဦးနှင့်တစ်ဦး အတ္တပရမျှတစွာဖြင့် ညီညီညွတ်ညွတ် လုပ်ကိုင်ကြရန်လိုကြောင်း၊ လုပ်ငန်းရှင်များ၏ အခက်အခဲများကိုဖြစ်စေ၊ အကြံဉာဏ်များကို ဖြစ်စေ၊ မိမိတို့ထံအချိန်မရွေး ရင်းနှီးပွင့်လင်းစွာ ဆက်သွယ်နိုင်ကြောင်း” ဖြင့် ရှင်းလင်းပြောကြားသည်။ ။

ကမ္ဘာ့ ဒုတိယ ပဲအများဆုံး တင်ပို့ရာ ပြည်မြန်မာတွင် ပဲနှင့်ဆီထွက်သီးနှံ နေကြာတို့ကို သီးထပ်စိုက်ပျိုးထားစဉ်။

(ဓာတ်ပုံ–ဌေးအောင်–ကြေးမုံ)

ကုန်တင်ယာဉ်ကြီး မောင်းနှင်သူများအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပို့ချ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ မော်တော်ယာဉ်များ မတော်တဆ ယာဉ်အန္တရာယ်ဖြစ်ပွားမှု မရှိစေရေးအတွက် ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနနှင့် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့၊ အဝေးပြေးကုန်တင်ယာဉ် လုပ်ငန်းရှင်အသင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲက ဘုရင့်နောင်ပွဲရုံနယ်မြေ၊ ကုန်စည်ဒိုင် အစည်းအဝေးခန်းမတွင် ဂိတ်တာဝန်ခံများ၊ ကုန်တင်ယာဉ်ကြီးမောင်းနှင်သူများနှင့် ယာဉ်နောက်လိုက်များ စုစုပေါင်း ၈၃ ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ဟောပြောသည်။

ဟောပြောပွဲတွင် ဒုတိယညွှန်ကြားရေးမှူး ဦးကျော်အေးလွင်က သက်တမ်းရှိ သတ်မှတ်ယာဉ်မောင်းလိုင်စင်နှင့် သက်သေခံလက်မှတ်(အဝိုင်း) မပါဘဲ မောင်းနှင်ခြင်းမပြုကြရန်၊ မဆင်မခြင်မောင်းနှင်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် အန္တရာယ်များ၊ ကုန်တင်ယာဉ်များ သတ်မှတ်ကုန်တန်ချိန်ထက် ပိုမိုမတင်ဆောင်ရေး၊ ကုန်တင်ယာဉ်အား ခရီးသည်တင်ဆောင်ခြင်း မပြုရေးနှင့် ဥပဒေပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတိုင်း လိုက်နာမောင်းနှင်သွားကြရန် ဟောပြောခဲ့ပြီး **(ဝဲပုံ)** သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း မိမိတို့ဌာနနှင့်သက်ဆိုင်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်းအရာများအလိုက် ဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။

(ကုန်းလမ်းပို့ဆောင်ရေး)

ဘုရင့်နောင်ဈေးကြီး မီးဘေးကာကွယ်ရေး သရုပ်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီးတွင် ခရိုင်မှူး (မြောက်ပိုင်းခရိုင် ဈေးများဌာန)၏ စီစဉ်ညွှန်ကြားမှုဖြင့် မီးဘေးကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က အဆိုပါဈေးကြီး၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဈေးသာယာရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်လွင်က ဆောင်ရွက်ပြီး ဈေးများဌာန ဌာနခွဲမှူး ဦးအောင်နိုင်ထွေး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ရဲကျော်သူစိုးနိုင်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြပွဲကို ကျင်းပရာ ဘုရင့်နောင်မီးသတ်ဦးစီးမှူး ဦးကျော်မြင့်ရီ ဦးဆောင်လျက် ဈေးတာဝန်ခံနှင့် စည်ပင်ဝန်ထမ်းများ၊ ဈေးသာယာရေးအဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများက ကိုယ်တိုင်လက်တွေ့မီးငြိမ်းသတ်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ကြေးမုံ The Mirror မှုခင်းသတင်း မီးသတင်း

အမျိုးသမီးတစ်ဦးအား အမျိုးသားသုံးဦးက ဓားစူး ချွန် စကေဘာများဖြင့် ဝိုင်းဝန်းထိုးသတ်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၁၀၆)ရပ်ကွက် မြိုင်တန်းသာလမ်းနေ အိမ်ပွဲစားလုပ်ကိုင်သူ မသန်းကြည်(ခ) မညိုလေး (၃၆)နှစ်သည် ခင်ပွန်းဖြစ်သူကို ကျော်နိုင် (၂၉)နှစ်၊ အိမ်နီးချင်း မဖာတမာ(စိစစ်ဆဲ)တို့နှင့်အတူ ဖေဖော်ဝါရီ ၂၁ ရက် ည ၇ နာရီခွဲခန့်က တယ်လီဖုန်းဆက်ရန် နေအိမ်မှ ထွက်လာစဉ် မြိုင်တန်းသာလမ်းပေါ်၌ အီစမိုင်၊ ဆင်ကြီးနှင့် ဝင်းသူတို့ သုံးဦးက မသန်းကြည်(ခ) မညိုလေးအား ဓားစူးချွန် စကေဘာများဖြင့် ဝိုင်းဝန်းထိုးခဲ့ကြသည်။ မသန်းကြည်(ခ) မညိုလေးမှာ ဝဲလက်ဖျံ၊ ဝဲနံဘေး၊ ဦးခေါင်း၊ ဝမ်းဗိုက်နှင့် ယာလက်ပြင်တို့တွင် ထိုးသွင်းဒဏ်ရာ ၁၇ ချက် ရရှိသွားသဖြင့် စံပြဆေးရုံမှတစ်ဆင့် မြောက်ဥက္ကလာပဆေးရုံသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားခဲ့သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဒဂုံမြို့သစ် (တောင်ပိုင်း) ရဲစခန်းက အီစမိုင်(ခ) ထွန်းလင်း (၃၀) နှစ် (ဘ) ဦးပြုံး မြိုင်တန်းသာလမ်း (၁၀၆) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ဆင်ကြီး (၂၈)နှစ် (ဘ) ဦးလှမြင့် ရွှေသံလွင်လမ်းနှင့် ဝင်းသူ (၂၆)နှစ် (ဘ)ဦးပြုံး ရွှေသံလွင်လမ်း (၁၀၆) ရပ်ကွက်တို့ သုံးဦးအား ဖမ်းဆီးစစ်ဆေးခဲ့ရာ ၂၀၀၆ ခုနှစ်အတွင်းက မသန်းကြည် (ခ) မညိုလေးနှင့် အိမ်အရောင်း အဝယ်ကိစ္စ အမှုဖြစ်ပွားခဲ့မှုနှင့် ပတ်သက်၍ မကျေမနပ်ဖြစ်ကာ ထိုးသတ်ခဲ့ကြခြင်းဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် (ပ)သတင်းချက် အမှတ် ၂၅၂/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ ဖြင့် အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကုန်တင်ယာဉ် တိမ်းမှောက်မှုဖြစ်ပွား

ပိန်းဇလုပ် ဖေဖော်ဝါရီ ၂၂

ယာဉ်မောင်း ဦးတင်အောင်မိုး(အဘ) ဦးလှတင် မောင်းနှင်ပြီး ရန်ကုန်မြို့မှ လေအိုး၊ သံပိုက်လုံး၊ အိမ်မိုးသွပ်ပြား ကုန်ပစ္စည်းများ တင်ဆောင်မောင်းနှင်လာသော အမှတ် ၈က/၈၇၀၉ ယာဉ်သည် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၂ နာရီခန့်တွင် ညောင်လေးပင်မြို့နယ် ထော်ခွတ်ကျေးရွာအနီး မိုင်တိုင်အမှတ် (၁၀၅/၆) အရောက် လမ်းဘေးသို့ တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ကုန်တင်ကား တိမ်းမှောက်မှုဖြစ်ပွားရာသို့ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ သွားရောက်၍ လိုအပ်သော ပံ့ပိုးမှုများကို ဆောင်ရွက်ပေးခဲ့ပြီး ပိန်းဇလုပ် ရဲတပ်ဖွဲ့စခန်းမှလည်း အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။ (ဝ၆၅)

လမ်းမတော်မြို့နယ် ဗဟိုစည်အထူးကုဆေးခန်းသို့ တစ်လသားအရွယ် မိန်းကလေးငယ်တစ်ဦးအား လာရောက်စွန့်ပစ်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

လမ်းမတော်မြို့နယ် (၁၀)ရပ်ကွက် ဗဟိုလမ်းရှိ ဗဟိုစည် အထူးကုဆေးခန်း သန့်ရှင်းရေး အလုပ်သမားများ အဆောင်သို့ ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီခန့်က အသက် (၃၀) ခန့်ရှိ အမျိုးသမီးတစ်ဦး ရောက်ရှိလာပြီး အနီးဖြင့် ထုပ်ထားသည့် တစ်လသားအရွယ် မိန်းကလေးငယ်တစ်ဦးကို ခေတ္တကြည့်ရှုပေးရန် သန့်ရှင်းရေး အလုပ်သမားများထံ ပြောဆိုထားရှိပြီး ထွက်ခွာသွားသည်။

စာတစ်စောင်တွေ့ရှိ

ယင်းနောက် အဆိုပါ အမျိုးသမီးမှာ ယင်းနေ့ ညပိုင်းအထိ ပြန်လာခြင်း မရှိသောကြောင့် စိစစ်ခဲ့ရာ အနီးထုပ်အတွင်းမှ ကလေး အသုံးအဆောင်ပစ္စည်း အချို့နှင့်အတူ မိခင်မှာ ရောဝတီတိုင်းတွင် နေသူဖြစ်ပြီး ကလေး သုံးဦးရှိကာ ဖခင် သေဆုံးသွားသဖြင့် ဆက်လက် ကျွေးမွေးနိုင်ခြင်း မရှိ၍ လာရောက် စွန့်ပစ်ခြင်း ဖြစ်ကြောင်းဖြင့် ရေးသားထားသည့် စာတစ်စောင်ကိုသာ တွေ့ရှိ ရသည်။

ဆက်လက်ကြည့်ရှုထား

အဆိုပါ စွန့်ပစ်ခံရသည့် ကလေးငယ်အား ဗဟိုစည် အထူးကုဆေးခန်း ဝန်ထမ်းများက ဆက်လက်ကြည့်ရှုထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မိသားစုများက ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် နှင်းဆီကုန်း (က)ရပ်ကွက် မီးဘေးသင့် အိမ်ထောင်စု ၆၃စု လူဦးရေ ကျား၊ မ စုစုပေါင်း ၃၁၆ဦး မိသားစုများအား ဆန်နှင့် ဆီများ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီ ၁၅ မိနစ်က နှင်းဆီကုန်းလမ်း ဟိန္ဒူဘုရားကျောင်း မီးဘေးသင့် ကယ်ဆယ်ရေး ယာယီစခန်း၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်

ရှေးဦးစွာ တိုင်းရဲတပ်ဖွဲ့မှူးနှင့် တိုင်းရဲတပ်ဖွဲ့မိသားစုများ ကိုယ်စား တိုင်းဒုတိယ ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝင်းနိုင်က ထောက်ပံ့ပေးအပ်မှုနှင့် ပတ်သက်၍ ပြောကြားပြီး မီးဘေးသင့် အိမ်ထောင်စု မိသားစုများအား ဆန်အိတ် ၃၀ ထောက်ပံ့ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်အေးက မီးဘေးသင့် အိမ်ထောင်စု မိသားစုများအား ဆီပိဿာ ၂၀ ကို ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မီးဘေးသင့် ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ဒုတိုင်းရဲတပ်ဖွဲ့မှူးက နိဂုံးချုပ် အမှာစကား ပြောကြားသည်။ (၅၀၆)

ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၂၂

သာကေတမြို့နယ် (၃/ရန်ပြေ) ရပ်ကွက် ရန်ပြေ ၁၅ လမ်း(အရှေ့) အမှတ်(၅၁)ရှိ မသိမ့်သိမ့်ဇင် (၃၃)နှစ် နေအိမ်၌ ဖေဖော်ဝါရီ ၂၀ရက် ည ၁၁ နာရီ ၅၅ မိနစ်ခန့်က ဖယောင်းတိုင် မီးထွန်းရာမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ပြီး အနီးပတ်ဝန်းကျင်ရှိ နေအိမ် ခုနစ်လုံးကို မီးကူးစက်လောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ မီးသတ်ယာဉ် ၂၈ စီး၊ အုပ်ချုပ်မှုယာဉ် ၁၀ စီး လာရောက်မီးငြှိမ်းသတ်ခဲ့ရာ ည ၁၂ နာရီ မိနစ် ၃၀ တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ သာကေတမြို့နယ် အမှတ်(၁) ရဲစခန်းမှ မသိမ့်သိမ့်ဇင်အား (ပ)သတင်းချက် အမှတ် ၂၅၂/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၂၈၅ ဖြင့် အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်လယ်ဝေးမြို့နယ် သဲဖြူဆည်သို့သွားရာ စစ်စီးတောင် အတက်လမ်းတွင် ခရီးသည်တင်ယာဉ်တစ်စီး နောက်ပြန်လိမ့်ကျ တိမ်းမှောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

နေပြည်တော် လယ်ဝေးမြို့နယ် သဲဖြူဆည်သို့ သွားရာလမ်း၌ ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၃ နာရီခန့်က နေပြည်တော်လယ်ဝေးမြို့နယ် ကြို့ကုန်းကျေးရွာနေ ကျော်ညွန့် (၄၀)နှစ် မောင်းနှင်သည့် ဒိုင်နာအမျိုးအစား ယာဉ်အမှတ် (လ/၁၂၀၇)သည် ခရီးသည်များ တင်ဆောင်၍ သပြေပင်ကျေးရွာဘက်မှ ရေပြာကျေးရွာဘက်သို့ မောင်းနှင်လာစဉ် စစ်စီးတောင်အတက်လမ်းတွင် ယာဉ်နောက်ပြန်လိမ့်ကာ သဲဖြူဆည် လက်တံမြောင်းအတွင်း ထိုးကျ တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည်များအနက် ဦးစိန်အောင် (၅၀)နှစ် (အောင်သာရွာ၊ နေပြည်တော် လယ်ဝေးမြို့နယ်) ပါ ခရီးသည် ၂၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာပြင်းထန်သည့် ဦးစိန်အောင်ပါ ကိုးဦးအား နေပြည်တော် ခုတင် (၃၀၀) ဆေးရုံ၌လည်းကောင်း၊ အခြားခရီးသည် ခြောက်ဦးအား နေပြည်တော် လယ်ဝေးဆေးရုံ၌လည်းကောင်း အတွင်းလူနာအဖြစ် ဆေးဝါးကုသပေးလျက်ရှိကာ ကျန်ဒဏ်ရာရသူများအား ပြင်ပလူနာအဖြစ် ဆေးဝါးကုသပေးခဲ့သည်။ ယာဉ်မောင်း ကျော်ညွန့်မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး ၎င်းအား နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ ယာဉ်မှုစစ်က (ပ)သတင်းချက်အမှတ် ၅၆/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇/၃၃၈ အရ အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အသက်(၆၂)နှစ် အရွယ် အမျိုးသမီးတစ်ဦး နေအိမ်ပေါ်မှ ပြုတ်ကျသေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

သုံးခွမြို့နယ် ရေပေါ်ကန် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ရှိန်က ၎င်းကျေးရွာနေ အမျိုးသမီးတစ်ဦး နေအိမ်ပေါ်မှ ပြုတ်ကျ သေဆုံးသွားကြောင်း ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၆ နာရီတွင် သတင်းပေးပို့လာသဖြင့် သုံးခွရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ရေပေါ်ကန်ကျေးရွာနေ ဒေါ်ခင်စန်းမြင့်(ခ)ဒေါ်မြိုင် (၆၂)နှစ်ဖြစ်ပြီး နေအိမ်တွင် တစ်ဦးတည်း နေထိုင်ရာမှ နေအိမ်ပေါ်မှ ပြုတ်ကျ၍ သတိမေ့မြောနေသည်ကို ယင်းနေ့ နံနက် ၄ နာရီတွင် သမီး မတင်နွဲ့၊ သားမက် ကိုအုန်းမြတို့က တွေ့ရှိသဖြင့် ပြုစုစောင့်ရှောက် ခဲ့သော်လည်း နံနက် ၇ နာရီတွင် သေဆုံးသွားခဲ့သည်။

သေဆုံးသူမှာ ဝဲဘက်မျက်လုံး ညိုမည်းဒဏ်ရာ၊ လည်ပင်း ညိုမည်းဒဏ်ရာ၊ ဝဲယာလက်တံထောင် ပွန်းပဲ့ဒဏ်ရာများ ရရှိထားကြောင်း စစ်ဆေးတွေ့ရှိရ၍ အလောင်းကို ရဲဆေးစာဖြင့် သုံးခွဆေးရုံသို့ပို့ဆောင်ပြီး သေမှုသေခင်း အမှတ်စဉ် ၄/၂၀၀၈ဖြင့် ရေးဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရမည့် အာဆင်နယ် ပထမနေရာအတွက် ဆက်လက်ဖိအားပေးမည့် မန်ယူ

(ပရီမီယာလိဂ် ပွဲစဉ် ၂၇)

သတင်းဆောင်းပါး – ဝင်းတင် (ကြေးမုံ)

ဒီတစ်ပတ် ပရီမီယာလိဂ် ပွဲစဉ်(၂၇) ဘောလုံးပွဲစဉ်များကို ဖေဖော်ဝါရီ ၂၃၊ ၂၄ နဲ့ ၂၆ ရက်တို့မှာ ကျင်းပမှာ ဖြစ်ပါတယ်။ ယခုတစ်ပတ် ပွဲစဉ်များတွင် ဖေဖော်ဝါရီ ၂၄ ရက် (တနင်္ဂနွေနေ့)မှာ ကာလင်းဖလား ဗိုလ်လုပွဲ ကစားရန်ရှိတဲ့ စပါးနဲ့ ချယ်လ်ဆီးတို့ပွဲကလွဲပြီး ကျန်ပွဲစဉ်များ အားလုံးကို ကျင်းပမှာ ဖြစ်ပါတယ်။

အမှတ်ပေးဇယား ဒုတိယနေရာက မန်ယူကို ငါးမှတ်ဖြတ်ပြီး ထိပ်ဆုံးက ဦးဆောင်နေတဲ့ အာဆင်နယ်ဟာ တန်းဆင်းဇုန်က ရုန်းမထွက်နိုင်သေးတဲ့ ဘာမင်ဂမ်ကို အဝေးကွင်းမှာ သွားရောက်ကစားရမှာဖြစ်တာကြောင့် ပွဲကချောင်တယ်လို့ မဆိုသာပါဘူး။ ပထမအကျော့တုန်းက အာဆင်နယ်ကွင်းမှာ တစ်ဂိုးစီသရေ ကစားထားနိုင်တာကြောင့် ဘာမင်ဂမ်ကို လျှော့တွက်လို့မရပါဘူး။ အာဆင်နယ်ကလည်း ကာလင်းဖလားနဲ့ FA ဖလားလုပွဲများက ထွက်ခဲ့ရပြီး ဖြစ်ပါတယ်။ ဒါ့ပြင် ချန်ပီယံလိဂ်မှာလည်း ကွာတားဖိုင်နယ်တက်ဖို့က မျှော်လင့်ချက် ပါးပါးလေးပဲ ရှိတဲ့အတွက်ကြောင့် အာဆင်နယ်အနေနဲ့ မျှော်လင့်နိုင်တာဆိုလို့ ဒီပရီမီယာလိဂ်ဖလားတစ်လုံးပဲ ရှိပါတော့တယ်။ ဒါကြောင့် အာဆင်နယ်က ပရီမီယာလိဂ်ပွဲတိုင်းကို ဂရုတစိုက်နဲ့ ကစားမှာဖြစ်ပါတယ်။

ဒုတိယနေရာမှ မန်ယူကလည်း ပရီမီယာလိဂ် ချန်ပီယံဖြစ်ခွင့် မျှော်လင့်ချက် ရှိနေသေးတာကြောင့် ပထမနေရာက အာဆင်နယ်ကို ဆက်လက်ဖိအားပေးနိုင်ရေးအတွက် အဝေးကွင်းဖြစ်ပေမယ့် ငယ်နိုင်ဖြစ်တဲ့ နယူးကာဆယ်ကို အနိုင်ရအောင် ကြိုးစားဖွယ်ရှိပါတယ်။

ပရီမီယာလိဂ်ပွဲစဉ် (၂၇)မှာ လက်ရှိအမှတ်ပေးဇယားရဲ့ တတိယနေရာကတော့ အပြောင်းအလဲဖြစ်မှာမဟုတ်ဘဲ စတုတ္ထနေရာကိုတော့ အဲဗာတန်ဟာ သရေတစ်မှတ် ရရုံနဲ့တင် ဆက်ထိန်းထားနိုင်မှာ ဖြစ်ပါတယ်။ အကယ်၍ အဲဗာတန်က မန်စီတီးကို ရှုံးပြီး လီဗာပူးက မစ်ဒယ်ဘရော့ကို အနိုင်ရခဲ့ပါက အမှတ်တူ ဂိုးကွာခြားချက်နဲ့ စတုတ္ထနေရာကို လီဗာပူး တက်လာမှာဖြစ်ပါတယ်။

အမှတ်ဇယား အောက်ဆုံးကိုရောက်နေပြီး ရမှတ် ကိုးမှတ်သာ ရရှိထားသေးတဲ့ တန်းတက်အသင်းဒါဘီဟာ တန်းဆင်းဇုန်ကလွတ်အောင် ရုန်းနေတဲ့ ဝီဂန်နဲ့အဝေးကွင်း သွားရောက်ကစားရမှာကြောင့် အများဆုံး သရေတစ်မှတ်သာ မျှော်လင့်နိုင်မှာပါ။ အဆင့် (၁၉)က ဖူလ်ဟမ်နဲ့ အဆင့်(၁၈)က ရီးဒင်းတို့ကတော့ အိမ်ကွင်းမှာ အသီးသီး ကစားရမှာကြောင့် အဖိုးတန်တစ်မှတ် (သို့) သုံးမှတ် မျှော်လင့်နိုင်ပါတယ်။ ဒါပေမယ့် ရီးဒင်းနဲ့ ကစားမယ့် အက်စတွန်ဗီလာဟာ ရမှတ် ၄၄ မှတ် ရရှိထားကာ လီဗာပူးနဲ့ အမှတ်တူပြီး အဆင့်ခြောက်မှာ ရပ်တည်နေလို့ ချန်ပီယံလိဂ် ဝင်ခွင့်လေးသင်းထဲ (သို့) UEFA ဝင်ခွင့် မျှော်လင့်ချက်ရှိနေတာကြောင့် တန်းဆင်းဇုန်က လွတ်အောင်ရုန်းနေတဲ့ ရီးဒင်း ကံကောင်းနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာပါ။

ပရီမီယာလိဂ် ပွဲစဉ် (၂၇) ကစားမယ့် ပွဲစဉ်များမှာ ၂၃-၂-၂၀၀၈ (စနေနေ့)၌ ဘာမင်ဂမ်နဲ့ အာဆင်နယ်၊ ဖူလ်ဟမ်နဲ့ ဝက်စ်ဟမ်း၊ လီဗာပူးနဲ့ မစ်ဒယ်ဘရော့၊ ပို့စ်မောက်နဲ့ ဆန်းဒါးလန်း၊ ဝီဂန်နဲ့ ဒါဘီ၊ နယူးကာဆယ်နဲ့ မန်ချက်စတာ ယူနိုက်တက်တို့ ကစားကြမှာဖြစ်ပြီး ၂၄-၂-၂၀၀၈ (တနင်္ဂနွေနေ့)တွင် ရီးဒင်းနဲ့ အက်စတွန်ဗီလာ၊ ဘလက်ဘန်းနဲ့ ဘော်လ်တန်၊ ၂၆-၂-၂၀၀၈ (အင်္ဂါနေ့)တွင် မန်စီးတီးနဲ့ အဲဗာတန်တို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ တော့တင်ဟမ်ဟော့စပါးနဲ့ ချယ်လ်ဆီးတို့က ၂၄-၂-၂၀၀၈ (တနင်္ဂနွေနေ့)တွင် ဝင်ဘလေ ကွင်းသစ်ကြီးမှာ ကာလင်းဖလား ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။

ပရီမီယာလိဂ် ပွဲစဉ် (၂၆) အပြီး ထိပ်ဆုံး (၁၀) သင်း ရပ်တည်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်–

အဆင့်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁။	အာဆင်နယ်	၂၆	၁၉	၆	၁	၆၃
၂။	မန်ယူ	၂၆	၁၈	၄	၄	၅၈
၃။	ချယ်လ်ဆီး	၂၆	၁၆	၇	၃	၅၅
၄။	အဲဗာတန်	၂၆	၁၄	၅	၇	၄၇
၅။	လီဗာပူး	၂၅	၁၁	၁၁	၃	၄၄
၆။	အက်စတွန်ဗီလာ	၂၆	၁၂	၈	၆	၄၄
၇။	မန်စီးတီး	၂၆	၁၂	၈	၆	၄၄
၈။	ပို့စ်မောက်	၂၆	၁၁	၈	၇	၄၁
၉။	ဘလက်ဘန်း	၂၆	၁၀	၉	၇	၃၉
၁၀။	ဝက်စ်ဟမ်း	၂၅	၁၀	၇	၈	၃၇

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျောက်မဲခရိုင်အတွင်းရှိ သကြားစက်၊ ဆီထွက်သီးနှံ စိုက်ခင်းများနှင့် နွေစပါးစိုက်ပျိုးမှု အခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သီပေါမြို့နယ် ကြံခင်း(ရေပူ)၌ တပ်နယ်များမှ နွေစပါးစိုက်ပျိုးထားရှိမှုနှင့် ကောက်စိုက်သမများ၏ နွေစပါးစိုက်ပျိုးပွဲကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာရှိ ငွေရည်ပုလဲကုမ္ပဏီ၏ ဆင်းရွှေလီ သကြားစက်သို့သွားရောက်၍ သကြားကျိုချက်ဆောင်၊ ထုပ်ပိုးဆောင်နှင့် ထုပ်ပိုးပြီး သကြားများ သိုလှောင်ထားရှိမှုနှင့် ကြံများ သကြားဖြစ်သည်အထိ စက်များအဆင့်ဆင့် လည်ပတ်မှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ သကြားစက်ရုံမှာ တစ်နေ့ ကြံတန်ချိန် ၁၅၀၀ ကြိတ်ဝါးနိုင်ပြီး တစ်နေ့ သကြားတန်ချိန် ၁၅၀ ထွက်ရှိသည်။ သကြားစက်အတွက်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

ကြေးမုံ The Mirror

ယနေ့ သတင်း၊ဆောင်းပါး အညွှန်း

ညီညွတ်သည့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် မူရှာရက်ဖ်တိုက်တွန်း (နိုင်ငံတကာသတင်းများ) စာမျက်နှာ-၄၊၅

ပါမောက္ခ ဒေါက်တာပိုင်စိုး၏ "နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးကဏ္ဍ(၅)" စာမျက်နှာ-၆

ပရီမီယာလိဂ် ပွဲစဉ် (၂၇) အကြိုသုံးသပ်ချက်နှင့် မှန်းသတင်းများ စာမျက်နှာ-၁၁

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား